၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

Voice of Burma

Published by Voice of Burma Information Group *Issue No. 687 DECEMBER 7, 2008*

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN
Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp

ကုလအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံသို့ အမြန်သွားရန် ကမ္ဘာ့ခေါင်းဆောင်ဟောင်း ၁၁၂ ဦး က တောင်းဆို

VOA ၊ ဒီဇင်ဘာ ၃ ။ ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအနေနဲ့ မြန်မာနိုင်ငံကို အမြန်ဆုံးသွားရောက်ပြီး မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော် အမြန်ဆုံးပြန်လွှတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ဖို့ ကမ္ဘာ့နိုင်ငံခေါင်းဆောင်ဟောင်း ၁၁၂ ဦးက မစ္စတာဘန်ကီမွန်းဆီကို စာရေးတောင်းဆိုလိုက်ပါတယ်။

နိုင်ငံပေါင်း ၅၀ ကျော်က အစိုးရခေါင်းဆောင်ဟောင်း ၁၁၂ ဦးရဲ့ ဒီစာအရတော့ အခု ၂၀၀၈ ခုနှစ်မကုန်ခင်မှာ မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်မြောက်လာစေဖို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကို ဖိအားပေးထားတာပါ။ ဒီအချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ ဆွေးနွေးဆုံးဖြတ်ပြီးသားမို့ မဖြစ်မနေအကောင်အထည်ဖော်ဖို့ လိုအပ်ချက်ကို ထောက်ပြထားပါတယ်။ ဒီအထဲမှာပါဝင်လက်မှတ်လည်းထိုး၊ ဒီစာဖြစ်ဖို့ ဦးဆောင်လှုပ်ရှားသူတဦးလည်းဖြစ်တဲ့ နော်ဝေးနိုင်ငံက ဝန်ကြီးချုပ်ဟောင်း Kjell Magne Bondevik က VOA ကို အခုလို ရှင်းပြပါတယ်။

“အခု မြန်မာနိုင်ငံတွင်း နောက်ဆုံးဖြစ်ပေါ်နေတဲ့အခြေအနေတွေအပေါ်မှာ ကျနော်တို့စိုးရိမ်မိပါတယ်၊ မြန်မာ့အရေးနဲ့ပတ်သက်လို့ လုံခြုံရေးကောင်စီဥက္ကဋ္ဌကြေညာချက်ကို ၂၀၀၇ ခု အောက်တိုဘာလတုန်းကထုတ်ပြန်ခဲ့ပါတယ်၊ အဲဒီမှာ နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်ပေးဖို့ တောင်းဆိုထားပါတယ်။ ဒီလို မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်လာရေးကို ကုလသမဂ္ဂအနေနဲ့ ၂၀၀၈ ခုနှစ်အတွင်း တိုးတက်ဖြစ်ထွန်းမှုအနေနဲ့ တိုင်းတာသတ်မှတ်ထားပါတယ်”

“ဒါပေမယ်လို့ ၂၀၀၇ ဂျွန်လက မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား ၁၂၀၀ လောက်ပဲ ရှိရာကနေ အခုဆိုရင် ၂၀၀၀ ကျော်အထိရှိလာပါတယ်၊ ဒါ လက်မခံနိုင်စရာပါ၊ ဒါကြောင့် မစ္စတာဘန်ကီမွန်းအနေနဲ့ မြန်မာနိုင်ငံကိုသွားပြီး စစ်အစိုးရအနေနဲ့ ဒီနှစ်မကုန်ခင် နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရမယ်ဆိုတာကို ရှင်းရှင်းလင်းအသိပေးရပါမယ်”

မြန်မာနိုင်ငံက အမျိုးသားပြန်လည်သင့်မြတ်ရေးရော၊ ဒီမိုကရေစီဖြစ်ထွန်းရေးပါ နိုင်ငံရေးပြဿနာတွေကိုဖြေရှင်းဖို့ဆိုရင် ကနဦးအဆင့်အဖြစ် နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ရေးကို နိုင်ငံတကာအနေနဲ့ ကြိုတင်စည်းမျဉ်းသတ်မှတ်ချက်သဘောထားရမယ်လို့လည်း မစ္စတာဘိုနဗစ်က ပြောပါတယ်။

“နိုင်ငံရေးအကျဉ်းသားလွှတ်ဖို့ဆိုတာ ပထမဆုံးအဆင့်ဖြစ်ရပါလိမ့်မယ်၊ ဒါပြီးမှ စစ်အစိုးရရယ်၊ NLD ရယ်၊ တိုင်းရင်းသားတွေရယ် တွေ့ဆုံဆွေးနွေးနိုင်မှာပါ၊ ဒါကြောင့် မြန်မာနိုင်ငံက ဒီနိုင်ငံရေးအကျဉ်းသားလွှတ်ဖို့ဆိုတာ နိုင်ငံတကာအနေနဲ့ ကြိုတင်စည်းမျဉ်းကိုသတ်မှတ်ထားရပါမယ်”

ဒါပေမဲ့ မြန်မာစစ်အစိုးရကတော့ တဖက်မှာ သူတို့ရဲ့နိုင်ငံရေးလမ်းပြမြေပုံအတိုင်း လာမယ့် ၂၀၁၀ ခုနှစ်မှာ ရွေးကောက်ပွဲလုပ်ဖို့ကိုပဲ ဆုံးဖြတ်ထားပုံရပါတယ်။ မစ္စတာဘိုနဗစ်ကတော့ ဒီအတိုင်းအခြေအနေအရဆိုရင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်လာမှာမဟုတ်ဘူးလို့ သူ့အမြင်ကိုပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြားနိုင်ငံရေးခေါင်းဆောင်တွေ အထိန်းသိမ်းခံနေရသရွေ့တော့ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲ ဘယ်လိုမှမဖြစ်နိုင်ပါဘူး၊ ဒီမတိုင်ခင်မှာ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ၊အားလုံးအတွက် လမ်းဖွင့်ပေးထားရပါမယ်၊ ဒါ့အပြင် ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာမှာလဲ ပြန်လည်ညှိနှိုင်းဆွေးနွေးဖို့လိုပါတယ်”

မြန်မာနိုင်ငံအရေးနဲ့ပတ်သက်လို့ ချဉ်းကပ်ဆောင်ရွက်မှုမှာ အနောက်နိုင်ငံတွေနဲ့ အာရှဘက်က အာဆီယံ၊ တရုတ်တို့အကြားမှာ ကွဲလွဲမှုအဓိကအချက်ကတော့ ပြစ်ဒဏ်ခတ်ဖိအားပေးအရေးယူနည်းနဲ့ အပြုသဘော သံတမန်နည်းအရချဉ်းကပ်တာတွေပါ။ နှစ်ဖက်စလုံးကလည်း ဒါကို စိုက်လိုက်မတ်တပ်ကျင့်သုံးခဲ့ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံအတွက် အဖြေကောင်းကောင်းတော့ ထွက်မလာသေးပါဘူး။ ဒါဟာ နိုင်ငံတကာကနေ မြန်မာ့အရေးကိုကိုင်တွယ်မှုမှာ စိတ်ပါလက်ပါပိုင်းဖြတ်ချက်မရှိလို့ဖြစ်တယ်လို့ မစ္စတာဘိုနဗစ်ကအပြစ်တင်ပါတယ်။

“ပြဿနာကတော့ ကမ္ဘာ့အသိုင်းအဝိုင်းတခုလုံးရဲ့ တကယ်တမ်း စိတ်ဆန္ဒရှိမှုပါပဲ၊ ကျနော်အရင်တုန်းက မစ္စတာဘန်ကီမွန်းကိုတိုက်တွန်းခဲ့ဘူး

စာမျက်နှာ ၃ သို့

နအဖစစ်အုပ်စုကို အရေးယူဖို့ အာဆီယံအား အမေရိကန်သံအမတ်တိုက်တွန်း **စာမျက်နှာ ၈**

ရလဒ်ကောင်းမမြင်ရရင် ကုလအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံသွားဖို့မဖြစ်နိုင် **စာမျက်နှာ ၃**

နေဖုန်းလတ် နဲ့ ဇာဂနာကို နယ်စည်းမခြားသတင်းထောက်များအဖွဲ့က ဆုချီးမြှင့် **စာမျက်နှာ ၅**

ပြည်ပမှပြန်လာသော လုပ်သားကောင်းများကို နအဖကကူညီမည် ပြောဆို **စာမျက်နှာ ၁၄**

ကလေးစစ်သားအမှု အိုင်အဲလ်အိုကိုတိုင်ကြား သဖြင့် မိဘများအား အိမ်ဖျက်ခိုင်း **စာမျက်နှာ ၁၇**

မော်လမြိုင် အမှတ် ၁ ဈေးကြီးတခုလုံး မီးလောင်ကျွမ်း **ကျောဖုံး**

VOB အာဘော်

နအဖအပေါ် ကုလသမဂ္ဂဖိအားမြှင့်တင်ရေး

ကမ္ဘာ့နိုင်ငံအသီးသီးကခေါင်းဆောင်ဟောင်း ၁၀၀ ကျော်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံ မြန်မာ့အရေးနဲ့ ပတ်သက်ပြီး စာရေးသားပေးပို့ခဲ့သည်။ အထွေထွေအတွင်းရေးမှူးချုပ်အား မြန်မာပြည်သို့သွားရောက်ကာ နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးအတွက် လုပ်ကိုင်ရန်တိုက်တွန်းရေးသားခဲ့သည်။ နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်လာခြင်းသည် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ပဏာမခြေလှမ်းဖြစ်သည်။ အလွန်အရေးပါသည့်လုပ်ရပ်လည်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ခေါင်းဆောင်ဟောင်းများက ကုလသမဂ္ဂအား ထိထိရောက်ရောက်လုပ်ဆောင်ရန် ဝိုင်းဝန်းတောင်းဆိုကြခြင်းဖြစ်သည်။

သို့သော် ဘန်ကီမွန်းက နိုင်ငံရေးအရ အဓိပ္ပာယ်ပြည့်ဝသည့်တိုးတက်မှုတစုံတရာမတွေ့ရလျှင် မြန်မာပြည်သို့သွားရောက်မည်မဟုတ်ဟုဆိုသည်။ နိုင်ငံ့ခေါင်းဆောင်များက ဘန်ကီမွန်းသွားခြင်းသည် ဖိအားပေးသည့်သဘောသက်ရောက်ပြီး ပိုမိုပြင်းထန်သောဖိအားဖြစ်ပေါ်လာနိုင်သည့်အတွက် ယခုလိုလုပ်ဆောင်ခြင်းဖြစ်သည်။

နအဖစစ် အာဏာပိုင်များသည် နိုင်ငံတွင်းရှိဒီမိုကရေစီအင်အားစုများ အပေါ်ထင်တိုင်းပြုနေကြသည်။ နှစ်ရှည်ထောင်ဒဏ်များကိုချမှတ်ကာ တရားမဲ့လုပ်ရပ်များသည် နိုင်ငံတကာအသိုင်းအဝိုင်းအား ဂရုမစိုက်ဆိုသည်ကို နအဖကပြသလိုက်ခြင်းဖြစ်သည်။ ထိုသို့ထင်တိုင်းကြဲ နေချိန်တွင် နိုင်ငံခေါင်းဆောင်ဟောင်းများနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တို့ မြန်မာ့အရေးနှင့်ပတ်သက်၍ ရပ်တည်ချက်ကွဲလွဲနေဆဲဖြစ်သည်။

တွေ့ဆုံဆွေးနွေးမှုကိုလုပ်ဆောင်ရန် တိုက်တွန်းမှုများကို နားမဝင်၊ အိမ်နီးချင်းနိုင်ငံများက နားချဆွဲဆောင်မှုများကိုလည်းပစ်ပယ်နေသည့် နအဖစစ်အာဏာပိုင်များကို ကိုင်တွယ်ရန်နည်းလမ်းမှာ ဖိအားတိုးမြှင့်ပေးရန်မှတပါး အခြားမရှိပေ။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာ့အရေးနှင့်ပတ်သက်၍ ကိုင်တွယ်ချဉ်းကပ်မှုများသည် အမျိုးမျိုးကွဲလွဲကာ ထိရောက်သောအပြောင်းအလဲများဖြစ်လာစေရန် လုပ်ဆောင်နိုင်ခြင်းမရှိပေ။ ထိုအချက်ကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက အလေးထားသုံးသပ်မှုများပြုရန်လိုအပ်သည်။ လက်ရှိကျင့်သုံးနေသည့် အမျိုးမျိုးသောချဉ်းကပ်မှုများက နအဖက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ ရလဒ်ကောင်းများပေါ်ထွက်လာစေရေးအတွက် လုပ်ဆောင်လာစေရန် စွမ်းဆောင်နိုင်ခြင်းမရှိပေ။

ထို့ကြောင့် နိုင်ငံတကာခေါင်းဆောင်ဟောင်းများတိုက်တွန်းသကဲ့သို့ အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်း မြန်မာပြည်သို့သွားကာ စစ်အုပ်စုအပေါ် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးအပါအဝင် စစ်မှန်သည့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဒီမိုကရေစီအင်အားစုများနှင့် ဆွေးနွေးမှုများကို အချိန်အတိအကျနှင့်လုပ်ဆောင်လာစေရန် ပိုမိုပြင်းထန်သည့် ဖိအားပေးမှုများကို ကိုယ်တိုင်သွားရောက်ပြောဆိုဆွေးနွေးသတိပေးရန် တိုက်တွန်းအပ်ပေသည်။

နအဖစစ်အုပ်စုကို အရေးယူဖို့ အာဆီယံကို အမေရိကန်သံအမတ်ကြီး တိုက်တွန်း

VOA ၊ ဒီဇင်ဘာ ၅ ။ ။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတွေကို နှစ်ရှည် ထောင်ဒဏ်တွေ ဆက်ပြီး ချမှတ်နေတာတွေနဲ့ ပတ်သက်ပြီး အာဆီယံအရှေ့တောင်အာရှနိုင်ငံများအသင်းကြီးက ပဋိညာဉ်စာတမ်းပါအချက်အလက်တွေအရ တိတိကျကျအရေးယူဖို့ အမေရိကန်ပြည်ထောင်စုရဲ့ အာဆီယံဆိုင်ရာ အထူးသံအမတ်ကြီးဖြစ်တဲ့ အမေရိကန်လက် ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Scott Marciel က တိုက်တွန်းလိုက်ပါတယ်။

အာဆီယံနဲ့ အမေရိကန်ပြည်ထောင်စုအကြား ဆက်ဆံရေးတွေ တိုးမြှင့်လုပ်ဆောင်လာနိုင်ပေမယ့် နအဖစစ်အုပ်စုရဲ့ အခုလို မတရားဖမ်းဆီးချုပ်နှောင်မှုတွေနဲ့ တခြားလူ့အခွင့်အရေး ချိုးဖောက်မှုတွေကြောင့် ခရီးက ထင်သလောက်မပေါက်ပဲ ဖြစ်နေတယ်လို့လည်း ပြောပါတယ်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေနဲ့ တနှစ် ၂ ကြိမ်တွေ့ဆုံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်တွေကို အလွတ်သဘော ဆွေးနွေးဖို့ စင်ကာပူနိုင်ငံကို ရောက်နေတုန်း စင်ကာပူသတင်းစာ The Straits Times နဲ့ မေးမြန်းခန်းမှာ Scott Marciel က အခုလိုပြောဆိုခဲ့ပါတယ်။

"မြန်မာနိုင်ငံမှာ ဆိုင်ကလုန်း နာဂစ်တိုက်ခတ်ခဲ့စဉ်တုန်းကလည်း အမေရိကန်ပြည်ထောင်စုဟာ မုန်တိုင်းဒုက္ခသည်တွေကို ကူညီဖို့အတွက် အာဆီယံနဲ့ နီးနီးကပ်ကပ် ပူးပေါင်းလုပ်ဆောင်ခဲ့ပြီး အခုချိန်ထိ အမေရိကန်ဒေါ်လာသန်း ၅၀ ကျော်ကူညီထောက်ပံ့ပြီးဖြစ်တယ်"လို့ဆိုပါတယ်။

အာဆီယံအဖွဲ့အနေနဲ့ နအဖစစ်အုပ်စုက အတိုက်အခံတွေအပေါ် အခုနောက်ဆုံးပြုလုပ်ခဲ့တဲ့ နိုင်ငံရေးအရ ဖိနှိပ်ချုပ်ချယ်မှုတွေ အပေါ် ဘာတခုမှပြောဆိုလုပ်ဆောင်ခြင်းမရှိတဲ့အပေါ်မှာလည်း အမေရိကန် ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Scoot Marciel ကထောက်ပြဝေဖန်ထားပါတယ်။

မြန်မာ့အရေးလှုပ်ရှားဆောင်ရွက်နေတဲ့ အာဆီယံလွှတ်တော်အမတ်များအဖွဲ့ AMPIC က အတွင်းရေးမှူး Roshan Jason ကတော့...

"နအဖစစ်အုပ်စုက အခုလို အတိုက်အခံအင်အားစုတွေကို မတရားသဖြင့် ထောင်ဒဏ်နှစ်ရှည်တွေ ချမှတ်အပြစ်ပေးနေတာကို အာဆီယံအဖွဲ့ဝင် နိုင်ငံတွေက တစုံတရာပြောဆိုခြင်းမလုပ်တာဟာ မကြာခင်က သဘောတူလိုက်ကြတဲ့ အာဆီယံ ပဋိညာဉ်စာတမ်းကို ချိုးဖောက်ရာရောက်ပါတယ်"။

ဒါပေမယ့် ဒီကိစ္စကို အာဆီယံ ထိပ်သီးအစည်းအဝေးပွဲမှာ မဆွေးနွေးနိုင်ခင် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးမှာ ထည့်သွင်းဆွေးနွေးသင့်တဲ့အကြောင်း Roshan Jason က အခုလိုဆက်ပြောပါတယ်။

"ဒီကိစ္စကို လာမယ့် အာဆီယံထိပ်သီးအစည်းအဝေးပွဲမှာ ဆွေးနွေးကြလိမ့်မယ်လို့ ကျနော်ထင်ပါတယ်။ အဲဒီ ထိပ်သီးအစည်းအဝေးပွဲကို လောလောဆယ်မှာ ရက်ရွှေ့ဆိုင်းထားပေမယ့်လည်း နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကိုတော့ ဂျကာတာမှာ လုပ်ကြလိမ့်မယ်လို့ ပြောဆိုနေကြပါတယ်၊ အဲဒီအစည်းအဝေးကို အခွင့်ကောင်းယူပြီး နအဖစစ်အုပ်စုက အခုလို ထောင်ဒဏ်နှစ်ရှည်တွေ ချမှတ်အပြစ်ပေးနေတဲ့ ကိစ္စနဲ့ပတ်သက်လို့ အာဆီယံအဖွဲ့ဟာ လူ့အခွင့်အရေးဆိုင်ရာ စံချိန်စံညွှန်းတွေကို လေးစားလိုက်တာပါတယ်ဆိုတာကို ပြသဖို့ တိတိပပလုပ်ကိုင်ပြောဆိုသင့်ပါတယ်။"

ထိုင်းနိုင်ငံမှာ ကျင်းပမယ့် အာဆီယံထိပ်သီးအစည်းအဝေးအတွင်း အဲဒီ အာဆီယံပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုးကြဖို့ရှိပေမယ့်လည်း ထိုင်းနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေးမတည်မငြိမ်မှုတွေကြောင့် ဒီအစည်းအဝေးပွဲကို လောလောဆယ်မှာ ရက်ရွှေ့ဆိုင်းထားရပါတယ်။

အမေရိကန် ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Scott Marciel ကတော့ မြန်မာနိုင်ငံအရေးဟာ အာဆီယံနဲ့ အမေရိကန်ဆက်ဆံရေးမှာ ကြားခံဖြစ်နေပေမယ့်လည်း သမတ Barak Obama လက်ထက်မှာ အမေရိကန်အစိုးရရဲ့ ပေါ်လစီဟာ လက်ရှိအခြေအနေတိုင်းပဲ ဆက်ရှိသွားမယ်လို့ပြောသွားပါတယ်။

ရလဒ်ကောင်းမမြင်ရရင် ကုလအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံသွားဖို့မဖြစ်နိုင်

VOA ၊ ဒီဇင်ဘာ ၄ ။ ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အပြည့်အဝဆက်ပြီးလုပ်ဆောင်သွားမယ်လို့ ထပ်ပြီးကတိပြုပြောကြားလိုက်ပါတယ်။

သူကိုယ်တိုင်အနေနဲ့ရော သူ့ရဲ့ မြန်မာ့အရေးအထူးအကြံပေးပုဂ္ဂိုလ် Mr.Gambari အနေနဲ့ပါ လုပ်ဆောင်သွားမယ်လို့ဆိုပါတယ်။ နိုင်ငံ ၅၀ ကျော်က ခေါင်းဆောင်ဟောင်း ၁၀၀ ကျော်တို့ရဲ့တောင်းဆိုချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တုံ့ပြန်ပြောဆိုခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့ခေါင်းဆောင်ဟောင်း ၁၁၂ ယောက်က ဒီဇင်ဘာ ၃ ရက်နေ့စွဲ နဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဆီ စာတစောင်ရေးသားပေးပို့ပြီး မြန်မာနိုင်ငံ က နိုင်ငံရေးအကျဉ်းသားတွေအားလုံး ဒီ ၂၀၀၈ ကုန်မှာ လွှတ်မြောက်အောင်လုပ်ပါလို့ တိုက်တွန်းခဲ့တာနဲ့ပတ်သက်လို့ အတွင်းအရေးမှူးချုပ်ဘက်က တုံ့ပြန်ပြောဆိုခဲ့တာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ ပြောရေးဆိုခွင့်ရှိသူရုံးကို VOA ကဆက်သွယ်မေးမြန်းခဲ့ပါတယ်။ အတွင်းရေးမှူးချုပ်ရဲ့ တွဲဘက်ပြောရေးဆိုခွင့်ရှိသူ Mrs.Choi Soung-ah က "စာကိုအတွင်းရေးမှူးချုပ်လက်ခံရရှိခဲ့ပါတယ်၊ ဒ့ါအပြင် ဒီစာပေးပို့ရာမှာ အဓိကညှိနှိုင်းဆောင်ရွက်သူဖြစ်တဲ့ နော်ဝေးဝန်ကြီးချုပ်ဟောင်းကလည်း အတွင်းရေးမှူးချုပ်နဲ့ ဖုန်းဆက်ပြောဆိုခဲ့ပါတယ်၊ အတွင်းရေးမှူးချုပ်ကို မြန်မာနိုင်ငံသွားဖို့၊ နိုင်ငံရေးအကျဉ်းသားတွေ ဒီနှစ်ကုန်မှာလွှတ်မြောက်အောင်လုပ်ဖို့ တိုက်တွန်းထားတဲ့စာပါအကြောင်းအရာတွေနဲ့ပတ်သက်ပြီး သူတို့ဆွေးနွေးကြပါတယ်"

မကြာသေးခင်သီတင်းပတ်တွေအတွင်းကပဲ မြန်မာစစ်အုပ်စုက ဖမ်းဆီးထားသူအများအပြားကို နှစ်ရှည်ထောင်ဒဏ်တွေချ ဝေးလံတဲ့ထောင်တွေကိုပြောင်း စသည်ဖြင့်လုပ်ဆောင်ခဲ့တာ ပူပူနွေးနွေးရှိနေသေးတဲ့အချိန်မှာပဲ ခေါင်းဆောင်ဟောင်းတွေက အတွင်းရေးမှူးချုပ်ကိုတိုက်တွန်းလိုက်ကြတာဖြစ်ပါတယ်။ သူတို့ရဲ့တောင်းဆိုချက်ကို အတွင်းရေးမှူးချုပ်က ဘယ်လောက်အတိုင်းအတာ ထိအောင်မြင်အောင်လုပ်ဆောင်နိုင်ပါ့မလဲ။ ဒီမေးခွန်းအတွက် Mrs.Choi Soung-ah ရဲ့အဖြေကတော့ အတွင်းရေးမှူးချုပ်ဟာ မြန်မာ့အရေးကို အပြည့်အဝလုပ်ဆောင်နေဆဲဆိုတာပါတဲ့။

"ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က သူကိုယ်တိုင်အနေနဲ့ရော သူ့ရဲ့ အထူးအကြံပေးပုဂ္ဂိုလ် Mr.Gambari ကနေတဆင့်ရော အပြည့်အဝဆက်ပြီး ဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားတာကို ထပ်ပြီးအာမခံပြောကြားခဲ့ပါတယ်၊ နောက်ပြီး ကိစ္စရပ်အမျိုးမျိုးကိုဆွေးနွေးဖို့ မြန်မာနိုင်ငံကိုထပ်သွားချင်တဲ့အကြောင်းလည်း အတွင်းရေးမှူးချုပ်ကပြောပါတယ်၊ ဒါပေမဲ့ မြန်မာစစ်အုပ်စုဘက်ကနေပြီး အဓိပ္ပါယ်ရှိတဲ့ရလဒ်တွေမြင်ရစေမယ့် သင့်တင့်လျောက်ပတ်တဲ့မျှော်လင့်ချက်မျိုးမရဘူးဆိုရင်တော့ သွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

ဒီလိုသွားလို့မဖြစ်နိုင်ဘူးဆိုတာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အတွက် တင်မကဘဲ Mr.Gambari အတွက်လည်း အကျုံးဝင်တယ်လို့ Mrs.Choi Soung-ah ကဆိုပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ရေးအတွက် ခေါင်းဆောင်ဟောင်းတွေရဲ့တောင်းဆိုချက်ထဲမှာ ဒီနှစ်ကုန်မှာ လွှတ်မြောက်အောင်လုပ်ပါ လို့ အချိန်သတ်သတ်မှတ်မှတ်ပါတာကလွဲလို့ ဒီလိုလွှတ်ပေးဖို့ဆိုတာကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင်ကလည်း တိုက်တွန်းတောင်းဆိုခဲ့ဘူးပါတယ်။ ဒီလိုတောင်းဆိုသံတွေကြားထဲမှာပဲ မြန်မာစစ်အုပ်စုက ဆက်အံ့တုပြီး ဖမ်းတာဆီးတာ ထောင်ချတာ ထောင်ပြောင်းတာတွေကိုလုပ်နေတာပါ။

ခေါင်းဆောင်ဟောင်းတွေကတော့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ရေးတောင်းဆိုချက်တွေ ဒီနှစ်ကုန်မှာမအောင်မြင်ဘူးဆိုရင်တော့ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့ကထုတ်ပြန်ခဲ့တဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌရဲ့ မြန်မာ့အရေးကြေညာချက်ပါအချက်တွေအတိုင်း အကောင်အထည်ဖော်နိုင်ရေး၊ ခိုင်မာတဲ့အရေးယူမှုလုပ်ဆောင်ဖို့ လုံခြုံရေးကောင်စီကိုတွန်းအားပေးပါလို့ Mr.Ban Ki-Moon ကို နောက်ထပ်တိုက်တွန်းထားပါတယ်။

လုံခြုံရေးကောင်စီကနေ အရေးယူလုပ်ဆောင်ဖို့ရာဟာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဆောင်ရွက်လို့မရဘဲ လုံခြုံရေးကောင်စီကိုယ်တိုင်က ဆောင်ရွက်ရမှာဖြစ်တဲ့အကြောင်းနဲ့ မြန်မာစစ်အုပ်စုအနေနဲ့လည်း သူတို့တာဝန်ရှိတာကို ချက်ချင်းလုပ်ဖို့လိုပါတယ်လို့ အတွင်းရေးမှူးချုပ်ရဲ့ ပြောရေးဆိုခွင့်ရှိသူရုံးကပြောပါတယ်။

စာမျက်နှာ ၈ သို့

မျက်နှာဖုံးမှ

ပါတယ်၊ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အဓိကကျတဲ့နိုင်ငံတွေက ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ အစည်းအဝေးတရပ်ခေါ်ယူကျင်းပဖို့ကိစ္စပါ။ အမေရိကန်၊ အီးယူ၊ အာဆီယံ၊ တရုတ် စတဲ့ နိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံအရေးနဲ့ပတ်သက်လို့ ပိုပြီးပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်ဖို့ပါ"

မစ္စတာဘန်ကီမွန်းအနေနဲ့ အခုနှစ်ဆန်းပိုင်းမှာပဲ နာဂစ်မုန်တိုင်းကိစ္စနဲ့ မြန်မာနိုင်ငံကိုသွားခဲ့ဘူးတာကြောင့် မြန်မာအစိုးရဗိုလ်ချုပ်တွေနဲ့ မစ္စတာဘန် ဟာ အဆက်အစပ်ရှိနေဆဲလို့ယူဆတာကြောင့် မစ္စတာဘန် မြန်မာနိုင်ငံကို သွားရင် စစ်အစိုးရကို တစုံတရာနားချနိုင်မယ်လို့ မစ္စတာဘိုနဗစ်ကယူဆပါ တယ်။ မစ္စတာဘန်ကီမွန်းကလည်း အခုနှစ်မကုန်ခင် သူ မြန်မာနိုင်ငံကိုသွားမယ်လို့ပြောခဲ့တာပါ။

ဒါပေမယ်လို့ ပြီးခဲ့တဲ့ကုလသမဂ္ဂအစည်းအဝေးတခုမှာပဲ ခိုင်မာတဲ့တိုးတက်မှုတစုံတရာမတွေ့ရဘဲ မြန်မာနိုင်ငံကိုမသွားသင့်ဘူးလို့ ယူဆပြောဆိုတဲ့ အာရှနိုင်ငံတွေလည်းရှိခဲ့ပါတယ်။ မြန်မာနိုင်ငံက တိုင်းရင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ဦးကျင့်ရှင်းထန်ကတော့ မစ္စတာဘန်ကီမွန်း လာနိုင်သည်ဖြစ်စေ၊ မလာနိုင်သည်ဖြစ်စေ အခုလိုကမ္ဘာ့ခေါင်းဆောင်တွေက မြန်မာ့အရေးတိုက်တွန်းဆောင်ရွက်တဲ့အပေါ်မှာ စိတ်အားရမိတယ်လို့ VOA ကိုပြောပါတယ်။

"ဒီဥစ္စာ အလိုအပ်ဆုံးပါ၊ ဘန်ကီမွန်း လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ၊ ကမ္ဘာက အဲဒီလိုလုပ်တာ ကျနော်တို့ဝမ်းသာလို့ပါ၊ အဲဒီလိုဆန္ဒပြုတာ ကျနော်တို့အတွက် အများကြီးကြိုဆိုစရာဖြစ်တယ်၊ ဝမ်းသာစရာဖြစ်တယ်၊ အားရစရာဖြစ်တယ်"

အခု ကမ္ဘာ့ခေါင်းဆောင် ၁၁၂ ဦး မစ္စတာဘန်ကီမွန်းကိုပေးပို့တဲ့စာထဲမှာတော့ မစ္စတာဘန် မြန်မာနိုင်ငံကို သွားနိုင်သည်ဖြစ်စေ၊ မသွားနိုင်သည်ဖြစ်စေ မြန်မာအစိုးရအနေနဲ့ အခုနှစ်မကုန်ခင်မှာ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးရမယ်ဆိုတာကို ရှင်းရှင်းလင်းလင်း စစ်အစိုးရသိအောင်လုပ်ဖို့ကို လည်း တိုက်တွန်းပါတယ်၊ အကယ်၍ ဒါကို စစ်အစိုးရကငြင်းဆန်နေဦးမယ်ဆို ရင်တော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ ဒီနိုင်ငံရေးအကျဉ်းသားတွေလွှတ် လာဖို့ နောက်ထပ်အရေးယူကိုင်တွယ်မှုတွေလုပ်ဖို့ကိုလည်း တိုက်တွန်းပါ တယ်၊ သူတို့အနေနဲ့လည်း ကုလသမဂ္ဂနဲ့အတူ တသားတည်းရပ်တည်သွား မယ်လို့ ကတိပြုထားပါတယ်။

အခုပေးစာထဲမှာတော့ အမေရိကန်ပြည်ထောင်စုက သမတဟောင်း ဂျော့ချ် အိပ်ချ် ဒဗလျူ ဘုရှ်၊ ဂျင်မီကာတာ၊ အာရှကဆိုရင်တော့ ကိုရာဇန်အကွီနို၊ ကင်ဒေးဂျုံ၊ ရာမိုစ့်ဟိုတာ၊ ကိုအိဇူးမိ၊ အခြားထင်ရှားသူတွေဖြစ်တဲ့ အင်္ဂလန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲ၊ ဂျွန်မေဂျာ၊ မာဂရက်သက်ချာ၊ နောက် ချက်နိုင်ငံက ဗားဆလပ်ဟာဗဲလ်၊ အိုင်ယာလန်က မယ်ရီရော်ဘင်ဆင် စုစုပေါင်း ၁၁၂ ဦး ပါဝင်လက်မှတ်ထိုးခဲ့ကြပါတယ်။

စီးပွါးရေးကျဆင်းမှုနဲ့ ပဲပြဿနာ

ဦးအောင်ခင်

မျက်မှောက်ရေးရာသုံးသပ်ချက်

မြန်မာနိုင်ငံဟာ ကမ္ဘာ့စီးပွါးရေးရေစီးကြောင်းမှာ တိုက်ရိုက်မပါဝင်ပေမဲ့ အာရှနိုင်ငံတွေနဲ့ကုန်သွယ်နေတာကြောင့် အိမ်နီးချင်းအာရှနိုင်ငံတွေကစီးပွါးရေးကျဆင်းမှုဟာ မြန်မာပြည်အထိဂယက်ရိုက်လာတာတွေ့ရပါတယ်။ ဥပမာ မြန်မာ့ကုန်သွယ်ဘက်ဖြစ်တဲ့ အိန္ဒိယနဲ့တရုတ်မှာ စီးပွါးရေးတိုးတက်မှုနှုန်းထားကျဆင်းတာဟာ မြန်မာ့စီးပွါးရေးကိုပါ ထိခိုက်နိုင်ပါတယ်။

ပဲမျိုးစုံထွက်တဲ့အိန္ဒိယမှာ လူဦးရေသန်းတထောင်ကျော်ရှိတာမို့ ၅၀ ရာခိုင်နှုန်းသာဖူလုံပြီး ကျန် ၅၀ ရာခိုင်နှုန်းကို နိုင်ငံခြားကတင်သွင်းရပါတယ်။ အမေရိကန်၊ ကနေဒါ၊ Australia နဲ့ မြန်မာကတင်သွင်းပါတယ်။ မြန်မာပြည်ကတင်ပို့တဲ့ ပဲ ၇၀ ရာခိုင်နှုန်းကို အိန္ဒိယကဝယ်ယူနေရပါတယ်။ မြန်မာ့ပဲဈေးကွက်ကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေကြိုးကိုင်ထားတဲ့အတွက် ဈေးနှုန်းသတ်မှတ်ရတာခက်ခဲတယ်လို့ အိန္ဒိယဘက်ကမြင်ပါတယ်။ အိန္ဒိယကဝယ်မယ့်သတင်းကို မြန်မာဘက်ကရတာနဲ့ ပဲဈေးကိုမြှင့်တင်လေ့ရှိတဲ့အတွက် ရောင်းဈေးအတိုင်းငွေပေးချေရပါတယ်။

မြန်မာဟာ ကမ္ဘာပေါ်မှာ ဒုတိယအများဆုံး ပဲတင်ပို့တဲ့နိုင်ငံဖြစ်ပြီး ကနေဒါကအများဆုံးတင်ပို့ပါတယ်။ ဒါပေမဲ့ အာရှမှာတော့ မြန်မာဟာ ပဲအများဆုံးတင်ပို့တဲ့နိုင်ငံဖြစ်ပြီး အိန္ဒိယကအများဆုံးဝယ်ယူပါတယ်။ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲခြမ်း၊ ပဲနီလေး စတဲ့ ပဲမျိုးစုံကို လွန်ခဲ့တဲ့ဘဏ္ဍာရေးနှစ်က တန်ချိန်တသန်းကျော်တင်ပို့တဲ့အတွက် ဒေါ်လာ သန်း ၇၀၀ နီးပါးရရှိကြောင်း စစ်အစိုးရစာရင်းဇယားအရ သိရပါတယ်။ ကောက်ပဲသီးနှံစိုက်ပျိုးတဲ့မြေကေဟာ ၇ သန်းကျော်အထိရှိပြီး ဧရာဝတီ၊ ပဂိုး၊ စစ်ကိုင်း၊ မန္တလေးနဲ့ မကွေးတိုင်းမှာ အကြီးအကျယ်စိုက်ပျိုးကြပါတယ်။ မြန်မာဟာ ကမ္ဘာ့အဆင့်မီကောက်ပဲသီးနှံလက်ကားဈေးကွက်ကြီးဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြပါတယ်။

ဒီနှစ်ဆန်းပိုင်းကစပြီး အောက်တိုဘာလကုန်အထိ ကောက်ပဲသီးနှံတန် ချိန် ၉ သိန်းကျော် အိန္ဒိယကိုတင်ပို့ခဲ့ပြီး နိုဝင်ဘာလမှာ တန်ချိန်တသိန်းတင်ပို့ဘို့စီစဉ်ထားတယ်လို့ သီးနှံကုန်သည်အတွင်းရေးမှူးကပြောဆိုကြောင်း နိုဝင် ဘာ ၃ ရက်ထုတ် Myanmar Times မှာဖော်ပြပါတယ်။ ဒါပေမဲ့ မြန်မာကုမ္ပဏီ တခုက ပဲစင်းငုံ ၇၀ ရာခိုင်နှုန်းကို လက်ဝါးကြီးအုပ်ပြီး ဈေးတင်တဲ့အတွက် အိန္ဒိယကဝယ်သူတွေဟာ အခြားနည်းလမ်းမရှိတော့လို့ ဒီကုမ္ပဏီကိုပဲဆက်သွယ်နေရတယ်လို့ဆိုပါတယ်။

မြန်မာ့ကောက်ပဲသီးနှံကိုအများဆုံးဝယ်နေတာ အိန္ဒိယနဲ့တရုတ်ဖြစ်လို့ ဒီနိုင်ငံတွေကအော်ဒါရတာနည်းသွားရင် (ဒါမှမဟုတ်လည်း) မဝယ်ရင် မြန်မာ့ပဲဈေးကွက်ပျောက်သွားနိုင်ပါတယ်။ အခုလည်း အိန္ဒိယဈေးကွက်မှာ မြန်မာ့ပဲဈေးကျနေတဲ့အတွက် ပဲတင်ပို့တဲ့လက်ကားကုန်သည်အချို့ဟာ ပြည်တွင်းမှာပေးချေရမယ့်ငွေကို မပေးနိုင်လို့ ထွက်ပြေးတိမ်းရှောင်နေတယ်လို့ နိုဝင်ဘာ ၁၇ နေ့ထုတ် မဇ္ဈိမသတင်းမှာဖော်ပြပါတယ်။ မြန်မာ့စီးပွါးရေးလောကမှာခေတ်စားနေတဲ့ ကြိုပွိုင့် (ခေါ်) ကြိုရောင်းကြိုဝယ်စနစ်နဲ့ဝယ်ပြီးမှ အိန္ဒိယကိုတင်ပို့တဲ့ပဲတွေ ဈေးထိုးကျလာတဲ့အတွက် ကြိုဝယ်ထားတဲ့ငွေကို မကာမိတာဖြစ်ပါတယ်။ ပဲရောင်းသူတွေက စသုံးလုံးအထူးစုံစမ်းစစ်ဆေးရေးဌာနကိုတိုင်တဲ့အတွက် ကုန်သည်ကြီးများအသင်းကကြားဝင်ဖြေရှင်းပေးဘို့ စစ်အစိုးရကတာဝန်ပေးထားတယ်လို့ သိရပါတယ်။

မတ်ပဲကို ပြည်တွင်းမှာစားသုံးသူနည်းပြီး အိန္ဒိယက အများဆုံးဝယ် တယ်။ ပါကစ္စတန်က ဒုတိယအများဆုံးဝယ်ပြီး တရုတ်ကို နယ်စပ်ကတင်ပို့ပြီး တတိယနေရာကလိုက်နေပါတယ်။ ဘင်္ဂလားဒက်ရှ်ကိုလည်း တင်ပို့ပါတယ်။ မြောက်ဘက်စွန်းဒေသနဲ့ မတ်ပဲစိုက်တဲ့ဒေသကလွဲပြီး တပြည်လုံးမှာ ပဲစင်းငုံစိုက်ပါတယ်။ ထုတ်လုပ်တဲ့ ပဲစင်းငုံ ၁၀ ရာခိုင်နှုန်းကိုသာ ပြည်တွင်းမှာစားသုံးပြီး အိန္ဒိယကိုအများဆုံးတင်ပို့တယ်။ တင်ပို့တဲ့ပဲစင်းငုံ ၉၅ ရာခိုင်နှုန်းကို အိန္ဒိယကဝယ်ယူနေတာဖြစ်တယ်။ ကျန်တဲ့ ၅ ရာခိုင်နှုန်းကို ပါကစ္စတန်နဲ့ အရှေ့အလယ်ပိုင်းဒေသကဝယ်ပါတယ်။ မြန်မာစိုက်တဲ့ပဲကို အိန္ဒိယစားသုံးနေတာဟာ တောင်သူလယ်သမားတွေအတွက် အခွင့်အလမ်းကောင်းပါပဲ။

ပဲတီစိမ်း (ခေါ်) ပဲနောက် ၈၀ ရာခိုင်နှုန်းကို အိန္ဒိယ၊ တရုတ်၊ မလေးရှားနဲ့ အင်ဒိုနေးရှားကိုတင်ပို့တယ်။ ပဲတီစိမ်းမှာတော့ တရုတ်ရဲ့ဝယ်လိုအား ဟာ အိန္ဒိယထက်များတဲ့အခါလည်းရှိတယ်။ တရုတ်နဲ့အိန္ဒိယဟာ ပဲတီစိမ်းကိုပြိုင်ဝယ်နေတယ်လို့ပြောနိုင်တယ်။ ပဲစိုက်ပျိုးရာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံကို ပို့ကုန်အဖြစ်ရည်ရွယ်ပြီး ၇၀ ရာခိုင်နှုန်းစိုက်ပျိုးကြပါတယ်။ နိုင်ငံခြားကိုတင်ပို့ဘို့ရည်ရွယ်ပြီးစိုက်ပျိုးတဲ့လုပ်ငန်းဖြစ်လို့ နိုင်ငံခြားက ပုံမှန်ဝယ်မယ့်သူမရှိရင် ဒုက္ခရောက်ဘို့သာရှိပါတယ်။

မြန်မာပြည်မှာ အများဆုံးဝင်ငွေရတာ သဘာဝဓါတ်ငွေ့ဖြစ်ပါတယ်။ ကျွန်းသစ်နဲ့ အခြားသစ်မျိုးစုံတင်ပို့တာက ဒုတိယဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပေမယ့် ၂၀၀၆ ခုနှစ်ကစပြီး ကောက်ပဲသီးနှံတင်ပို့တာဟာ သစ်ထက်ပိုပြီးဝင်ငွေကောင်းနေတာတွေ့ရပါတယ်။ အဝတ်အထည်လုပ်ငန်းက စတုတ္ထဝင်ငွေအများဆုံးဖြစ်ပြီး ဆန်က ပဉ္စမအဆင့်မှာရှိပါတယ်။ မနှစ်ကစာရင်းကိုကြည့်ရင် ဆန်တင်ပို့လို့ရတဲ့ငွေပမာဏဟာ ပဲတင်ပို့လို့ရတဲ့ငွေရဲ့ တစ်ရာခိုင်နှုန်းကျော်ကျော်သာရှိပါတယ်။

ကမ္ဘာမှာပဲအများဆုံးထုတ်လုပ်ပြီး အများဆုံးစားသုံးတဲ့နိုင်ငံဟာ အိန္ဒိယဖြစ်ပါတယ်။ မြန်မာ၊ ကနေဒါ၊ Australia နဲ့ အမေရိကန်ကကောက်ပဲသီးနှံကိုတင်သွင်းပါတယ်။ အိန္ဒိယဈေးကွက်မှာအဆင်မပြေရင် မြန်မာ့ပဲလုပ်ငန်းဟာ တိုးတက်ကြီးပွါးဘို့ အလားအလာနည်းနေပါတယ်။ ဒါပေမဲ့ ရှေ့နှစ်မှာ မြန်မာ့ပဲမျိုးစုံ တန်ချိန်တသန်းလောက် အိန္ဒိယကဝယ်ယူဘို့စီစဉ်နေတယ်ဆိုတဲ့သတင်းကြောင့် မြန်မာပဲလုပ်ငန်း ရှင်သန်ကြီးထွားဘို့ အလားအလာရှိနေပါတယ်။

ကမ္ဘာ့စီးပွါးရေးကျဆင်းမှုကြောင့် ဖွံ့ဖြိုးစနိုင်ငံတွေဟာ လာမယ့် ၂ နှစ်အတွင်း ဒေါ်လာသန်းပေါင်း ၃ သိန်းကျော် ဆုံးရှုံးဖွယ်ရှိတယ်လို့ ခန့်မှန်းကြပါတယ်။ ရှေ့နှစ်ကုန်လောက်ဆိုရင် အလုပ်လက်မဲ့ဦးရေ သန်း ၂၀ ကျော်တိုးပွါးလာဖွယ်ရှိတဲ့အတွက် အလွန်အမင်းဆင်းရဲတဲ့ဦးရေလည်း သန်း ၄၀ ကျော်တိုးပွါးလာဖွယ်ရှိတယ်လို့ သိရပါတယ်။ တရုတ်ပြည်မှာ အလုပ်လက်မဲ့ဦးရေတိုးပွါးနေလို့ ဆန္ဒပြဆူပူမှုတွေများပြားလာပါတယ်။ ကမ္ဘာ့စီးပွါးရေးကျဆင်းမှု တရုတ်ကိုဂယက်ရိုက်ပုံဟာ ထင်တာထက်ပိုဆိုးတယ်လို့ ဝန်ကြီးချုပ်ဝမ်ဂျာဘောင်းက မကြာမီကထုတ်ဖော်ပြောဆိုသွားပါတယ်။

အခြားနိုင်ငံတွေနဲ့ယှဉ်လိုက်ရင် တရုတ်စီးပွါးရေးတိုးတက်မှုနှုန်းကို မြင့်တယ်လို့ပြောနိုင်ပေမယ့် တိုးတက်နှုန်းနှေးလာပါတယ်။ လွန်ခဲ့တဲ့လပိုင်းမှာ ၁၂ ရာခိုင်နှုန်းတိုးပွါးနေရာက ၉ ရာခိုင်နှုန်းအထိကျဆင်းလာတဲ့အတွက် အားသစ်လောင်းတဲ့အနေနဲ့ တရုတ်အစိုးရက ဒေါ်လာ သန်းငါးသိန်းကျော်ရင်းနှီးမယ်လို့ ကြေညာပါတယ်။ စီးပွါးရေးအခြေခံအဆောက်အအုံမှာရင်းနှီးမြှုပ်နှံရင် အလုပ်အကိုင်သစ်တွေပေါ်ထွက်လာပါလိမ့်မယ်။ တရုတ်စီးပွါးရေးမှာ နိုင်ငံခြားပို့ကုန်လုပ်ငန်းက ၄၀ ရာခိုင်နှုန်းဖြစ်လို့ နိုင်ငံခြားမှာစီးပွါးရေးကျဆင်းရင် ပို့ကုန်လုပ်ငန်းမှာ အော်ဒါအရနည်းလာတဲ့အတွက် စက်ရုံတွေပိတ်ပစ်ရပါတယ်။ ဒီနှစ် ပထမ ၆ လပိုင်းမှာ ပိတ်ပစ်လိုက်ရတဲ့ကုမ္ပဏီအသေးစား ၆ သောင်းကျော်ရှိ ပါတယ်။

မြန်မာ့စီးပွါးရေးဟာ တရုတ်၊ အိန္ဒိယအိမ်နီးချင်းနိုင်ငံတွေကိုမှီခိုနေတာမို့ ဒီနိုင်ငံတွေမှာစီးပွါးရေးကျဆင်းတဲ့အတိုင်းအတာကိုလိုက်ပြီး မြန်မာပြည်မှာကျဆင်းနိုင်ပါတယ်။

ဆရာကြီးဦးဝင်းတင်နဲ့ ဦးခင်မောင်ဆွေတို့ကို CRPP အဖွဲ့ဝင်အဖြစ်လက်ခံ

RFA ၊ ဒီဇင်ဘာ ၄ ။ ။ ၉၀ ပြည့်နှစ် အရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်အဖွဲ့နဲ့ဖွဲ့ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကိုယ်စားပြုကော်မတီ CRPP ရဲ့အစည်းအဝေးကို ဒီဇင်ဘာ ၄ ရက် ဒီကနေ့ ရန်ကုန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာကျင်းပခဲ့တယ်လို့ သိရပါတယ်။

ဒီအစည်းအဝေးမှာ CRPP ရဲ့ရှေ့ရေးအပါအဝင် လက်ရှိဖြစ်နေတဲ့ နိုင်ငံရေးအခြေအနေနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့တယ်လို့ အစည်းအဝေးတက်ရောက်ခဲ့သူတွေကပြောဆိုပါတယ်။ ပြီးခဲ့တဲ့စက်တင်ဘာလတတိယပတ်က နှစ်ရှည်အကျဉ်းထောင်တွေကနေပြန်လွှတ်လာတဲ့ NLD ဗဟိုအလုပ်အမှုဆောင် CEC အဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ ဆရာကြီးဦးဝင်းတင်နဲ့ စမ်းချောင်းမြို့နယ် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေတို့ကို CRPP အဖွဲ့ဝင်အဖြစ်လက်ခံကြောင်း ဒီကနေ့အစည်းအဝေးမှာဆုံးဖြတ်ခဲ့တယ်လို့လည်း သိရပါတယ်။ ဒီကနေ့ကျင်းပတဲ့ CRPP အစည်းအဝေးနဲ့ပတ်သက်ပြီး အတွင်းရေးမှူးဦးအေးသာအောင်က အခုလိုရှင်းပြပါတယ်။

"ဦးဝင်းတင်နဲ့ ဦးခင်မောင်ဆွေတို့ကို CRPP အဖွဲ့ဝင်အဖြစ် အစည်းအဝေးရဲ့ဆုံးဖြတ်ချက်နဲ့ တိုးချဲ့ပြီးတော့ဖွဲ့စည်းတာတွေ စတင် လက်ခံပါတယ်၊ ပြီးတော့ လက်ရှိနိုင်ငံရေးအခြေအနေနဲ့ နိုင်ငံရေးပါတီတွေ ဘယ်လိုဆက်ပြီးတော့ရပ်တည်မလဲဆိုတာတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြပါတယ်"

အစည်းအဝေးမှာ အာဏာပိုင်တွေအနေနဲ့ လွှတ်တော်ခေါ်ပေးဘို့နဲ့ လက်ရှိအတည်ပြုထားတဲ့အခြေခံဥပဒေကို ပြန်သုံးသပ်ပေးဘို့ သဘောထားတွေကိုဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ ဒီနေ့မှာ CRPP အဖွဲ့ဝင်ဖြစ်လာတဲ့ ဦးခင်မောင်ဆွေက ဒီကနေ့ဆွေးနွေးခဲ့မှုတချို့ကို အခုလိုပြောပြပါတယ်။

"အဖွဲ့ချုပ်က စက်တင်ဘာ ၂၂ ရက်နေ့ကထုတ်ထားတဲ့ အထူးကြေညာချက်အတိုင်းပဲဆက်သွားကြဘို့ အားလုံးသဘောတူကြတယ်၊ တခြားလမ်းကြောင်းမဟုတ်တော့ဘူး၊ သဘောထားက၊ နံပါတ်တစ်ကတော့ တိုင်းရင်းသားအားလုံးက အဖွဲ့ချုပ်နဲ့ပူးပေါင်းပြီးတော့ဆောင်ရွက်မယ်ဆိုတဲ့လိုင်းကို သူတို့ဆန္ဒပေးကြတယ်လေ၊ ဆောင်ရွက်မယ်ဆိုတော့ကာ အဖွဲ့ချုပ်က အခုသွားနေတဲ့လိုင်းက အခြေခံဥပဒေကိုပြင်ဘို့အတွက်၊ ပြန်လည်သုံးသပ်ဖို့အတွက်၊ စကား လုံးက ပြင်ဘို့မဟုတ်ဘူး၊ သုံးသပ်ဖို့ဆိုတဲ့စကားသုံးထားတယ်၊ သုံးသပ်ဖို့ အတွက် လွှတ်တော်ခေါ်ပေးပါ၊ ခေါ်ပေးလို့ရှိရင် သုံးသပ်ပြီးတဲ့အခါမယ် ဒါကို လမ်းကြောင်းတခုပွင့်သွားမယ်ပေါ့လေ၊ နိုင်ငံရေးလမ်းကြောင်း တခုပွင့်သွားမယ်ပေါ့၊ အဲဒီအတွက်ကို ၆ လအတွင်းမှာခေါ်ယူပေးဘို့ တောင်းဆိုထားတယ်၊ အဲဒီလမ်းကိုပဲ သူတို့က stick-in လုပ်ပြီးတော့ကာ ရတဲ့အထိပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့ဆုံးဖြတ်ချက်မျိုးပဲ အန်ကယ်တို့ လုပ်လို့ရခဲ့ကြတယ်"

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ၉၀ ပြည့်နှစ်ရွေးကောက် ပွဲအနိုင်ရကိုယ်စားလှယ်တွေကို စစ်အစိုးရကလွှတ်တော်ခေါ်ပေးဘို့ပျက်ကွက်ခဲ့တဲ့နောက်ပိုင်း NLD နဲ့ တိုင်းရင်းသားပါတီ ၄ ပါတီက ကိုယ်စားလှယ် ၁၀ ဦးက ၁၉၉၈ ခုနှစ် စက်တင်ဘာလက စပြီးဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ CRPP အစည်းအဝေးကို လစဉ်ပြုလုပ်သွားဘို့ရှိတယ်လို့လည်း သိရပါတယ်။

နေဖုန်းလတ် နဲ့ ဇာဂနာကို နယ်စည်းမခြားသတင်းထောက်များအဖွဲ့က ဆုချီးမြှင့်

VOA ၊ ဒီဇင်ဘာ ၄ ။ ။ ပြင်သစ်အခြေစိုက် RSF ခေါ် နယ်စည်းမခြားသတင်း ထောက်များအဖွဲ့ကြီးက ၂၀၀၈ ခုနှစ်အတွက် ကွန်ပြူတာအင်တာနက်အသုံး ပြုပြီး လူ့အခွင့်အရေးလှုပ်ရှားသူ ဆိုက်ဘာဒစ်စီးဒန့် ခေါ် ဘလောက်ဂါဆုကို မြန်မာနိုင်ငံသားနှစ်ဦးဖြစ်တဲ့ ဟာသပညာရှင် ကိုဇာဂနာနဲ့ ဘလောက်ဂါနေ ဖုန်းလတ်တို့ကို ပူးတွဲချီးမြှင့်လိုက်ပါတယ်။ စက်တင်ဘာသံဃာတော်တွေဦးဆောင်တဲ့လှုပ်ရှားမှုနဲ့ နာဂစ်ဆိုင်ကလုန်းဒဏ်ခံခဲ့ရတဲ့အခြေအနေမှာ သူတို့နှစ်ဦးရဲ့ ထူးခြားတဲ့လှုပ်ရှားမှုတွေကြောင့် ဆုရွေးချယ်ရေးအဖွဲ့က တခဲနက်ရွေးချယ်ခဲ့တာလို့ RSF ကပြောပါတယ်။

ပြင်သစ်နိုင်ငံ ပဲရစ်မှာ နိုင်ငံကျော်ဟာသပညာရှင်လည်းဖြစ် ရုပ်ရှင်ဒါရိုက်တာတဦးလည်းဖြစ်တဲ့ ကိုသူရ ခေါ် ကိုဇာဂနာနဲ့ ကွန်ပြူတာအင်တာနက် ကနေလူ့အခွင့်အရေးအတွက်လှုပ်ရှားခဲ့တဲ့ ကိုနေဖုန်းလတ်တို့နှစ်ဦးကို ပူးတွဲ ပြီး ၂၀၀၈ ခုနှစ်အတွက် RSF ကဆုပေးလိုက်တယ်လို့ RSF ပြောခွင့်ရ ဗင်းဆင့်ဘရောဆဲလ်က VOA ကို အခုလိုပြောပါတယ်။

"ဘလောက်ဂါဆုအတွက်ရွေးချယ်လိုက်တဲ့သူတွေကတော့ ဇာဂနာနဲ့ နေဖုန်းလတ်ပါ။ သူတို့ကိုဆုပေးလိုက်တယ်လို့ အခုပဲကြေညာလိုက်ပါတယ်၊ ဆုရွေးချယ်ရေးအဖွဲ့က သူတို့နှစ်ယောက်စလုံးကို တခဲနက်ရွေးချယ်ခဲ့တာပါ"

၂၀၀၈ ခုနှစ်အတွက် RSF က ဆု ၃ မျိုးပေးခဲ့တဲ့အထဲက ဆိုက်ဘာဒစ်ဆီးဒန့် ခေါ် ဘလောက်ဂါဆုအတွက် သတင်းလွတ်လပ်ခွင့်တွေပိတ်ပင်ထားတဲ့ကြားက သတင်းလွတ်လပ်ခွင့်အတွက် ထူးထူးခြားခြားကြိုးပမ်းဆောင်ရွက် ခဲ့သူအမည် ၁၀ ဦးကို အမည်စာရင်းတင်သွင်းခဲ့ပါတယ်။ ကမ္ဘာတဝန်းက နာမည်ကျော် သတင်းနဲ့စာနယ်ဇင်းအဖွဲ့တွေက သတင်းထောက် ၄၀ ကျော်ကနေ ဒီ ၁၀ ဦးထဲမှာ အထူးချွန်ဆုံးဖြစ်တဲ့ ကိုဇာဂနာနဲ့ ကိုနေဖုန်းလတ်တို့ကို တခဲနက်ရွေးချယ်ခဲ့တယ်လို့လည်း မစ္စတာဘရောဆဲလ်ကပြောပါတယ်။ နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ရှရင်းအေဘာတီက ဆုကိုပေးအပ်ခဲ့ပြီး ကိုဇာဂနာကိုယ်စား သူငယ်ချင်းဖြစ်သူ အနုပညာရှင် ကိုထိန်လင်းက ဆုကိုလက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားလည်း ပြောကြားခဲ့ပါတယ်။ ကိုဇာဂနာရဲ့ဇနီးနဲ့ သူ့မိသားစုကိုလည်း ဗွီဒီယိုနဲ့တိုက်ရိုက်ဆက်သွယ်ပြီး ပြသထားတာတွေ့ရတယ်လို့လည်း မစ္စတာဘရောဆဲလ်ကပြောပါတယ်။

အခမ်းအနားမှာ ကိုထိန်လင်းက ကိုဇာဂနာနဲ့ပတ်သက်ပြီး လက်ခံဆုယူခွင့်ရခဲ့တဲ့ ကျေးဇူးတင်စကားကို အခုလိုပြောခဲ့ပါတယ်။

"ဒီနေ့ဆုပေးပွဲမှာ ကိုဇာဂနာကိုယ်တိုင်တက်ရောက်ပြီးယူသင့်ပါတယ်"

မြန်မာနိုင်ငံကစစ်အစိုးရရဲ့အုပ်ချုပ်မှုအောက်မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တွေဆုံးရှုံးခဲ့ရတဲ့အမှန်တရားကို သူ့ရဲ့ဟာသပညာနဲ့ လူထုသိအောင်ဖော်ပြနိုင်တာတွေကိုပါ ပရိသတ်တွေကိုပြောကြားခဲ့ပါတယ်။ မေလ နာဂစ်ဆိုင်ကလုံးဒဏ်ခံခဲ့ရတဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေကို ကိုယ်တိုင်သွားရောက်ကူညီခဲ့တဲ့ ကိုဇာဂနာဟာ စစ်အစိုးရရဲ့ ဆိုးရွားတဲ့ မမှန်မကန်ဆောင်ရွက်ချက်တွေကို ထုတ်ဖော်ပြောဆိုလေ့ရှိသူဖြစ်ပြီး သူ့ရဲ့ပြောကြားချက်တွေကို ပြည်တွင်းပြည်ပပရိသတ်က လေးလေးစားစားစောင့်မျှော်နားထောင်လေ့ရှိပါတယ်။ ပြည်ပသတင်းမီဒီယာတွေကိုပြောဆိုခဲ့တဲ့အတွက် ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ် ၅၉ နှစ် ပြစ်ဒဏ်ချခံခဲ့ရပါတယ်။

ဘလောက်ဂါ ကိုနေဖုန်းလတ်ဟာလည်း ၂၀၀၇ စက်တင်ဘာအရေးအခင်းမှာ သူ့ရဲ့ကွန်ပြူတာဝဲဘ်ဆိုဒ် စာမျက်နှာကတဆင့် မြန်မာနိုင်ငံထဲမှာဖြစ်ပွါးနေတဲ့သတင်းမှန်တွေကို ကမ္ဘာကသိအောင်ကြိုးစားခဲ့သူဖြစ်ပါတယ်။ သူ ဟာအခုအချိန်မှာ ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခံခဲ့ရပြီး မကြာခင်ကမှ ကရင်ပြည်နယ်က ဘားအံအကျဉ်းထောင်ကိုပြောင်းရွှေ့ခံခဲ့ရပါတယ်။ ကိုနေဖုန်းလတ် ကိုနိုင်ငံတကာကနေအသိအမှတ်ပြုတဲ့အနေနဲ့ အခုလိုဆုချီးမြှင့်ခံရတာ ဂုဏ်ယူပါတယ်လို့ ကိုနေဖုန်းလတ်ရဲ့ညီကပြောပါတယ်။

စာမျက်နှာ ၁၁ သို့

မြန်မာနိုင်ငံမှာ တိုးတက်မှုမရှိတဲ့အပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ခံပြင်း

VOA ၊ ဒီဇင်ဘာ ၆ ။ ။ ကုလသမဂ္ဂဌာနချုပ်မှာ ကျင်းပခဲ့တဲ့ မြန်မာ့မိတ်ဆွေနိုင်ငံများအဖွဲ့ အစည်းအဝေးကြီးပြီးဆုံးသွားပါပြီ။ အဲဒီအစည်းအဝေးမှာ သဘာပတိအဖြစ်ဆောင်ရွက်သွားခဲ့တဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr.Ban Ki-Moon ဟာ သတင်းထောက်တွေနဲ့ တွေ့ဆုံပြီး မြန်မာ့အရေးမှာ ကုလသမဂ္ဂရဲ့ ဆောင်ရွက်ချက်တွေကို အခုပဲပြောကြားသွားပါတယ်။

ဒီကနေ့ Group of friends on Burma လို့ဆိုတဲ့ မြန်မာ့မိတ်ဆွေနိုင်ငံများအစည်းအဝေးမှာ ဘာတွေဆောင်ရွက်ခဲ့တယ်ဆိုတာနဲ့ပတ်သက်ပြီး Mr.Ban Ki-Moon က သတင်းထောက်တွေကို အခုလိုပြောပါတယ်။

"ဒီနေ့ အစည်းအဝေးမှာ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေတွေကို ဆွေးနွေးခဲ့တာဖြစ်တယ်၊ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သူတို့ဟာ မျှော်လင့်ချက်တွေထားရှိပေမယ့် ခံပြင်းစရာတွေနဲ့သာကြုံတွေ့နေရပါတယ်၊ မြန်မာနိုင်ငံစစ်အုပ်စုဘက်က ပူးပေါင်းဆောင်ရွက်မှုမရှိခဲ့ဘူး၊ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ရေးဟာ မြန်မာ့နိုင်ငံခြားရေးဝါဒမှာ အဓိကကျတယ်လို့ ဆိုထားကျ။တော့ဝမ်းသာပါတယ်။ ဒါပေမယ့် တကယ်တမ်း ပူးပေါင်း ဆောင်ရွက်မှုမရှိတာ ခံပြင်းစရာဖြစ်တယ်"။

"ကမ္ဘာ့နိုင်ငံတွေဘက်ကလည်း ဘက်ပေါင်းစုံကနေ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးဖြစ်ဖို့ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်။ တခါ မြန်မာနိုင်ငံအတွင်းမှာ ဘက်ပေါင်းစုံပါဝင်တဲ့ ပြန်လည်သင့်မြတ်ရေးကို အစိုးရက ထိထိရောက်ရောက်မဆောင်ရွက်ဘူး၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက တောင်းဆိုပြဌာန်းထားတာကိုလည်း လိုက်နာမှုမရှိဘူး၊ လိုက်နာဖို့ကို ကျနော်တောင်းဆိုပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသား အားလုံးကို လွှတ်ပေးဖို့အတွက်လည်း သူက တောင်းဆိုလိုက်ပါတယ်။ ဒါဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပထမအဆင့်ဖြစ်တယ်၊ အဲဒါပြီးမှ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆွေးနွေးရမယ်လို့ဆိုပါတယ်။ ဒါဖြင့်ရင် မြန်မာနိုင်ငံစစ်အစိုးရဘက် က အခုလိုပဲ ဆက်လက်ပူးပေါင်းမှုမရှိဘဲနေရင် ဒါဟာ ကုလသမဂ္ဂ က ကြားဝင်ဖြန်ဖြေတဲ့အလုပ်ကို မလုပ်ပဲနေမလာလို့ သတင်းထောက်တယောက်က မေးတဲ့အခါမှာတော့ ဒီစကားကို သူဘယ်တုန်းကမှ မပြောခဲ့ပါဘူး၊

စာမျက်နှာ ၈ သို့

အရှင်ဂမ္ဘီရကို နယ်ထောင်သို့ပို့

DVB ၊ ဒီဇင်ဘာ ၁ ။ ။ သံဃာ့တပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရအပါအဝင် ၆ ဦးကို အာဏာပိုင်တွေက ပြည်နယ်တိုင်းအသီးသီးရှိထောင်တွေဆီကို တကွဲ တပြားစီပို့လိုက်တယ်လို့ မိသားစုဝင်တွေကပြောပါတယ်။

ယမန်နှစ် စက်တင်ဘာသံဃာ့ဆန္ဒပြမှုမှာ ဦးဆောင်သံဃာတော်ဖြစ် တဲ့ အရှင်ဂမ္ဘီရကို ခန္တီးထောင် (စစ်ကိုင်းတိုင်း)၊ အရှင်ဂမ္ဘီရရဲ့အစ်ကိုတော် ကို အောင်ကျော်ကျော်ကို တောင်ကြီးထောင် (ရှမ်းပြည်နယ်) စသည်ဖြင့် ပို့လိုက်ပါတယ်။ မန္တလေးသား ကိုဝဏ္ဏအောင်ကို ပဲခူးထောင်၊ ရောဝတီတိုင်း ဘိုကလေးမြို့သား ၂ ဦးအနက် ကိုသီဟသက်ဇင်ကို မြစ်ကြီးနားထောင် (ကချင်ပြည်နယ်)၊ ကိုသိန်းဇော်ကို ကျိုင်းတုံထောင် (ရှမ်းပြည်နယ်အရှေ့ပိုင်း) နဲ့ ရန်ကုန်ကမာရွတ်မြို့နယ်က ကိုထွန်းထွန်းဦး (ငါးကုလား) ကို တောင်ငူထောင် (ပဲခူး တိုင်း) စသည်ဖြင့် ပို့လိုက်ပါတယ်။ အာဏာပိုင်တွေက သံဃာ–ပြည်သူဆန္ဒပြမှုနဲ့ဆက်စပ်ပြီး အရင်လ ၂၉ ရက်မှာ ရခိုင်အမျိုးသား ကိုတင်ထူးအောင်ကို ခန္တီးထောင် (စစ်ကိုင်းတိုင်း)၊ ဗိုမ်းအမျိုးသားကွန်ဂရက်ပါတီ ဥက္ကဋ္ဌပူကျင့်ရှင်းထန်ရဲ့သား ဂတ်လန်ခုတ် (ကိုကျော်စိုး) ကို မြောင်းမြထောင် (ရောဝတီတိုင်း)၊ ပူကျင့်ရှင်းထန်ရဲ့တူ ဂတ်လန်ခွါ (အန်တိုနီ) ကို ပုသိမ်ထောင် (ရောဝတီတိုင်း) ဆီ ပို့လိုက်ပါတယ်။ သားက ထောင်ဒဏ် ၃၃ နှစ်၊ တူက ၁၈ နှစ်ချမှတ်ခံရတာကြောင့် ဒီလူငယ်တွေမှာ လူ့အသက်နဲ့ထောင်သက် ဆတူဖြစ်နေပြီလို့ ပူကျင့်ရှင်းထန်ကပြောပါတယ်။

"သူတို့ ဟိုကလွတ်လာဦးတောင် ကျနော်ကရှိပါတော့မလား" ထောင်ပြောင်းတာလည်းအသိမပေးဘဲ ထောင်ဝင်စာသွားတွေ့မှသိရတာလို့လည်း ပြောပါတယ်။ သံဃာ့ဆန္ဒပြပွဲနဲ့ပတ်သက်တယ်ဆိုပြီး အာဏာပိုင်တွေကစွပ်စွဲ ကာ အမှုပေါင်းများစွာနဲ့ နှစ်ရှည်ထောင်ဒဏ်စီရင်ချက်ချတာပဲလို့ ပူကျင့်ရှင်း ထန်က ကောက်ချက်ချပါတယ်။

"တော်တော်လေးကိုအန္တရာယ်ရှိတဲ့အုပ်ချုပ်ရေးပဲ" ၂၀၀၇ သံဃာ့ဆန္ဒပြမှုနဲ့ပတ်သက်ပြီးဖမ်းထားသူတွေအားလုံးကို အာဏာပိုင်တွေက ထောင်ဒဏ်ချမှတ်တာ၊ ထောင်ပြောင်းတာတွေလုပ်ပြီးရင် နာဂစ်လေဘေးသင့်သူတွေကိုကူညီခဲ့သူတွေကိုလည်း ဖမ်းဆီးထားရာက အလားတူစီရင်ချက်ချတာ၊ နယ်ထောင်တွေဆီခွဲပို့တာတွေကို အာဏာပိုင်တွေကလုပ်ဦးမှာပဲလို့ သူတို့ရဲ့လုပ်ဖော်ကိုင်ဘက်တွေကပြောပါတယ်။

အဖြူရောင်သက်တန့် ကဗျာရွတ်ပွဲမကျင်းပနိုင်

DVB ၊ ဒီဇင်ဘာ ၁ ။ ။ HIV ကူးစက်ခံရတဲ့ မိဘမဲ့ကလေးတွေအတွက် ရန် ပုံငွေအနေနဲ့စတင်ကျင်းပခဲ့တဲ့ အဖြူရောင်သက်တန့်ကဗျာရွတ်ပွဲကို ဒီနှစ်မှာ ဦးဆောင်မယ့်သူမရှိတော့လို့ မကျင်းပဖြစ်တော့ပါဘူး။

အဖြူရောင်သက်တန့်ကဗျာရွတ်ဆို ရန်ပုံငွေရှာပွဲကို ၂၀၀၆ မှာ ကဗျာဆရာအောင်ဝေး၊ ကဗျာဆရာစောဝေနဲ့ ကိုဇော်သက်ထွေးတို့ဦးဆောင်ပြီး စတင်ကျင်းပခဲ့တာပါ။ ဒီနှစ်မှာတော့ မကျင်းပနိုင်တော့ဘူးလို့ ပန်းချီဆရာမ ချောအိသိမ်းကပြောပါတယ်။

"ဦးဆောင်တဲ့သူတွေကလည်းမရှိတော့ဘူး၊ အပြင်ရောက်တဲ့သူကရောက်၊ ထောင်ကျတဲ့လူကလည်းကျဆိုတော့၊ နောက်လူတွေကလည်း လူစုပြီးအလုပ်လုပ်ဖို့ကျတော့ သူတို့အနေနဲ့ခက်ပုံရတယ်၊ ဘာပဲလုပ်လုပ် ခွင့်ပြုမိန့် တွေ ခွင့်ပြုချက်တွေတောင်းရတယ်ဆိုတော့ ပွဲလုပ်ဖို့က အခက်အခဲအများကြီး ရှိတာပေါ့၊ အဲဒါတွေကြောင့်မလုပ်ဖြစ်တာလို့ထင်တာပဲ"

အကူအညီလိုနေသူတွေကို ကဗျာရွတ်ပွဲကရတဲ့ငွေနဲ့ထောက်ပံ့တဲ့အစီအစဉ် ဆက်မလုပ်နိုင်တော့လို့ စိတ်မကောင်းဘူးလို့လည်း ချောအိသိမ်းကပြောပါတယ်။ ကဗျာရွတ်ပွဲမကျင်းပနိုင်တာဟာ နာဂစ်လေဘေးကိစ္စတွေ အဓိကထားဆောင်ရွက်နေကြတာကြောင့်လည်းဖြစ်နိုင်တယ်လို့ အဆိုတော် ဆောင်းဦးလှိုင်ကသုံးသပ်ပါတယ်။ အဖြူရောင်သက်တန့်ကဗျာရွတ်ဆိုပွဲကို စတင်ဦးဆောင်ခဲ့ကြတဲ့ ဆရာအောင်ဝေးက စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးကာလ အတွင်း ပြည်ပကိုတိမ်းရှောင်သွားပါတယ်။ ကဗျာစောဝေနဲ့ ကိုဇော်သက်ထွေး တို့ကို စစ်အုပ်စုက ဖမ်းဆီးတရားစွဲ အကျဉ်းချထားပါတယ်။

အဖြူရောင်သက်တန့်အဖွဲ့ဟာ HIV ကူးစက်နေတဲ့ မိဘမဲ့ကလေးတွေအတွက် ၂၀၀၆ မှာ အလှူငွေ ကျပ်သိန်း ၁၂၀ လှူဒါန်းနိုင်ခဲ့ပြီး ၂၀၀၇ ကဗျာရွတ်ဆိုပွဲမှာ အလှူငွေ ၃၅ သိန်းကောက်ခံရရှိပြီး လှူဒါန်းနိုင်ခဲ့ပါတယ်။ မန္တလေးမြို့မှာကျင်းပခဲ့စဉ်က နအဖအာဏာပိုင်တွေက ကဗျာရွတ်ဆိုခွင့်ကိုပိတ်ပင်ပြီး သီချင်းပဲဆိုခွင့်ပေးပါတယ်။ အနုပညာရှင် ၅၀ ကျော်ပါဝင်တဲ့ အဖြူရောင်သက်တန့်အဖွဲ့ကို ဦးဆောင်တဲ့သူတွေမရှိတော့လို့ ရှေ့ဆက်လှုပ်ရှားဘို့ အခက်အခဲတွေရှိနေတယ်လို့ အဖွဲ့ဝင်အချို့ကပြောပါတယ်။ အဖြူရောင်သက်တန့်အဖွဲ့က ဒဂုံမြို့သစ်အရှေ့ပိုင်းမှာ မိဘမဲ့ဂေဟာဖွင့်လှစ်ထားပြီး HIV ကူးစက်ခံထားရတဲ့ မိဘမဲ့ကလေး ၂၄ ယောက်ကို ပြုစုစောင့်ရှောက်ပေးနေပါတယ်။

ဇာဂနာနှင့် ပတ်သက်၍ နှုတ်ခမ်းမွေးညီအစ်ကိုတို့နှင့် ဆက်သွယ်မေးမြန်းချက်

DVB ၊ ဒီဇင်ဘာ ၄ ။ ။ ဇာဂနာ(ကိုသူရ)ကို ဝေးလံခေါင်ဖျား၊ ရာသီဥတု ဆိုးရွားတဲ့အရပ်ရှိ ထောင်ကို ပို့လိုက်တာနဲ့ ပတ်သက်ပြီး မြစ်ကြီးနားထောင်မှာပဲ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၇ နှစ် ကျခံခဲ့ရဖူးတဲ့ မန္တလေးမြို့က လူရွှင်တော် နှုတ်ခမ်းမွေး ဦးပါပါလေးက စာနာ အားပေးစကား ပြောကြားပါတယ်။

ဦးပါပါလေးက မြစ်ကြီးနား ထောင်မှာ ၇ နှစ် ကျခံခဲ့ရဖူးတယ်ဆိုတော့ လေ ဘယ်လိုနေခဲ့ရလဲဆိုတာ ပထမဦးဆုံးရှင်းပြပေးပါလား...

"မြစ်ကြီးနားထောင်က ကျနော်ကိုယ်တိုင်နေခဲ့ရတာဗျ။ လူရွှင်တော် နှုတ်ခမ်းမွေးပါပါလေးတို့လည်း နေခဲ့ရတာ။ တိုက်ကတော့ အရှေ့ဘက်တတိုက်၊ အနောက်ဘက် တတိုက်ရှိတယ်။ နောက် ၁၄ ခန်း၊ နောက် ၁၀ ခန်း အဲလိုရှိတယ်။ အဲဒီမှာ ကျနော်တို့ တလတခါ၊ နှစ်လတခါ ဟိုဘက်ချိန်းလိုက် ဒီဘက် ချိန်းလိုက်၊ အဲလိုနေခဲ့ရတယ်။ အစားအသောက်လည်း ဆင်းရဲတယ်။ ဆန်စပါးလုံး လုံးဝမကောင်းဘူး။ ရေဆိုလည်း ဝအောင်မချိုးခဲ့ရဘူး၊ အမိုးလည်းမလုံဘူး၊ ရေစက်တွေကျတယ်၊ အောက်ကကြမ်းမရှိဘူး၊ သစ်သားခင်းမရှိဘူး၊ အုတ်ခုံပေါ်မှာဘဲ အိပ်ခဲ့ရတယ်။ အစားအသောက်နဲ့ပတ်သက်လို့ကတော့ စပါးလုံးကတော့ မမေးပါနဲ့၊ ထုံးစံအတိုင်းပဲ ကိုယ့်အိမ်မဟုတ်တော့ စပါးလုံးနိုင်း ချင်းလည်း စားခဲ့ရတယ်။ တာလပေါ်၊ ငါးပိကျော်တဲ့။"

"တာလပေါ်ဆိုတာ ကျနော် ရှင်းပြပါရစေ။ အရွက်မှန်သမျှအကုန်လုံး ပြုတ်တာ၊ ရေလည်း သန့်အောင်မဆေးဘူး။ တထောင်လုံး လူ ထောင့်ငါးရာ နှစ်ထောင်လောက် စားမယ့်ဟာကို ငါးပိလုံး လေးငါး လုံးလောက်ပဲထည့်ပြီး တော့ အဲဒါကို နွမ်းကြေသွားအောင်လုပ်ပြီးတော့ သူတို့ထောင်အခေါ်တော့ တာလပေါ်တဲ့ဗျာ။ ငါးပိကျတော့ မကျက်ဘူးဗျ။ လူတယောက်ကို ငါးပိစိမ်းကို တဇွန်းပဲ။ ဒါပေမယ့် ကျနော်တို့ ကတော့ ပေကြိတ်ခံတာဘဲ။ ထမင်းလည်း ရေနဲ့ တခါတလေရေနဲ့ ဖျော်သောက်ပစ်လိုက်တာပဲ။ တချိန်တနေ့ကျ လွတ်မယ့်လူ ကိုး။ ကျနော်တို့က ဒါပဲ အဲလို ယုံကြည်ထားတာပါ။"

ရာသီဥတုနဲ့ ကျန်းမာရေးအခြေအနေတွေကကော ဘယ်လိုမျိုးရှိသလဲရှင့်။...

"ရာသီဥတုဒဏ်ကတော့ တော်တော်အေးတယ်ဗျ၊ တော်တော်ကိုအေးတာပါ။ ဘယ်လိုလုပ်လုပ်ကတော့ ခင်ဗျား မသက်သာဘူးပဲ။ ရဲဖက်စခန်းက ပိုအေးသေးတယ်၊ အကာအရံမရှိ၊ လေတွေကတိုက် ပေါ့ဗျာ။ ကျနော်တို့ ကျန်းမာရေးကတော့ ကိုယ့်ဟာကိုယ်ပဲ။ အားဆေးနဲ့ ပြန်ကုနေရတယ်ဗျာ။ ငါးပိစိမ်းတွေစားတဲ့အခါ ယားနာတွေပေါက်တယ်။ နောက်တခါ ကျနော်တို့ ရေလည်း ဝအောင်မချိုးရဘူး၊ မသန့်ရှင်းဘူးပေါ့ဗျာ။ ဝမ်းကိုက်တယ်။ နောက်ဆုံး ကျနော်တို့သွေးဝမ်းကျတယ်။ ပိုးဝမ်းတွေဖြစ်မှာစိုးလို့ အဲဒီအထဲမှာ ဒေါက်တာဇော်မြင့်မောင်တို့က အမြဲတမ်းကုပေးတယ်။ အပြင်မှာ ကျနော်တို့ကုတာ နည်းပါတယ်။ အပြင်ကလည်း လာမကုပေးပါဘူး။ အဲတော့ ဘာဆေးစား၊ ဘာလေးစား ... ဒေါက်တာဇော်မြင့်မောင်ကိုယ်တိုင်ကလည်း ကျနော်တို့ ကျကျနနကုပေးပါ တယ်။ အတွင်းထဲချင်း ကုပေးတယ်။"

ထောင်တွင်းကျန်းမာရေးစောင့်ရှောက် မှုအနေ အထားက ဘယ်လိုမျိုးရှိလဲရှင့်...

"ကိုယ်ဟာကိုယ်ပဲ အားဆေးပေးပြီး ကုနေကြရမှာဗျ၊ အပြင်မှာ အားကိုးလို့ကတော့ လုံးဝမရဘူးဗျ၊ ကျနော်တို့ လူရွှင်တော် နှုတ်ခမ်းမွေး ပါပါလေးနေခဲ့တုန်းကလေ။ ခေါင်းကိုက်လည်း ပါရာစီတမော ပေးတာပဲ။ ဗိုက်နာလည်း ပါရာစီတမောပေးတာပဲ။ ဒါလေးစားပါ ... မနက်တပြား၊ နေ့လည်တပြား၊ ညနေ တပြား' ဒါပဲ။ ဘာရောဂါဖြစ်ဖြစ် ဒီ ပါရာစီတမောပေးတာပဲ။ အပြင်မှာ ဆရာဝန်ခေါ်ပေးပါဆိုရင်တော့ ထောက်လှမ်းရေးတွေဘာတွေကို တင်ပြနေရတာနဲ့၊ သေစရာရှိရင်တော့ ထောင်ထဲမှာပဲ သေပေတော့လို့ အောက်မေ့ပေတော့။ အခါ အခုမလာဘူးဗျ။"

ဒီလိုမျိုးအခြေအနေမှာ မနေ့က မြစ်ကြီးနားထောင်ကို ပြောင်းလိုက်တဲ့ ကိုဇာဂနာက သွေးတိုးရောဂါလည်းရှိတယ်၊ အစာအိမ်ရောဂါ လည်းရှိတယ်၊ အသည်းရောဂါလည်းရှိတယ်၊ ၄က်ဖျားရောဂါအခံလည်းရှိတယ် ဆိုတော့ အဲဒီမှာ ကိုဇာဂနာအနေနဲ့ ဘယ်လိုကျန်းမာရေးပြဿနာမျိုးတွေ့ နိုင်မလဲ။ ...

"ဒါကတော့ သူရောဂါဖြစ်လိမ့်မယ်လို့ ကျနော်ကတော့ မထင်မိဘူး။ ဘာဖြစ်လဲဆိုတော့ သူ လူရွှင်တော်တယောက်ဖြစ်လို့။ သူ ရောဂါထဲမှာ သူစိတ်မရောက်ဘူး။ ဒါ ကျနော်ထင်တဲ့အထင်နော်၊ ကျနော်လည်း အဲလိုနေခဲ့ရတာမို့ပါ။ သူ ဒီရောဂါတွေရှိတယ်၊ အပြင်ကတော့ သူ့ကို ကျနော်တို့စိုးရိမ်နေရပါတယ်၊ မှန်ပါတယ်။ ဒါပေမယ့် ဇာဂနာနဲ့ကျနော်နဲ့က အတူတူပဲဗျ၊ လူရွှင်တော်ဆိုတော့လေ ဆိုလိုက်၊ ပြောလိုက်၊ ကလိုက် အဲလိုနေရတယ်ဆိုလို့ရှိရင်ကို ကျနော်တို့ အားဆေးရှိနေပြီးသား။ မနက်တန်းဖွင့်မယ်ဆိုရင် တန်းဖွင့်လာတဲ့သူကို ကျနော်တို့ ဟာသအနေနဲ့ပြောရင်ကိုက ကျန်းမာရေးကောင်းတယ်ဆိုက အဲဒီလူက လည်း မျက်နှာဆိုရင် ပြုံးရွှင်သွားတာ"။

"ပထမတော့ မျက်နှာတည်ကြီးနဲ့ပေါ့ဗျာ၊ ခပ်တည်တည်ပေါ့။ တန်းပိတ်မယ်၊ တန်းဖွင့်မယ်ဆိုတဲ့ အဲဒီလူ ကိုဇာဂနာ၊ လူရွှင်တော် ပါပါလေးတို့ မျက်နှာမြင်လိုက်လို့ ပြောလိုက်ရင်ကို အဲဒီလူကလေ ပြုံးရွှင်ပြီးတော့ ကြည်သာသွားတာဗျ။ ဒါ အားဆေးဘဲ၊ ကိုယ့်ဘက်ကိုပါလာတာပဲဗျာ။ အဲ 'ပြက်ပါဦး ပြက်ပါဦး၊ လုပ်ပါဗျ၊ ပြက်ပါဗျ ... ကိစ္စမရှိဘူး ကျနော်တို့ ခင်ဗျားတို့နဲ့နေရတာသိပ်ပျော်တာဗျ...' အဲဒီ လိုပဲဗျ၊ သူ့မှာ ဘာရောဂါဘဲရှိရှိ သူဒီပြက်လုံးလေး ပြက်နေရရင်ကို ကျနော်တို့အတွက် အားဆေးတခွက်ပဲ။"

ဒီအကျဉ်းသားတွေကို ထောင်ပြောင်းတာ ဘာကြောင့်လဲလို့ ထင်သလဲရှင့်။...

"လူတွေ စိတ်မဆင်းရဲ စိတ်ဆင်းရဲအောင် လုပ်တာပေါ့ဗျာ။ ဘာကြောင့်လဲဆိုရင် သွားရေးလာရေး ဒီ အခွင့်အရေးတွေပေါ့ဗျာ၊ အခက်အခဲဖြစ်အောင်လို့ပို့တာ။ တနေရာမှ တနေရာ၊ အိမ်ကမိသားစု စိတ်ဓာတ်ကျအောင်၊ နောက် အတွင်းထဲလူက လူစိတ်ဓာတ်ကျအောင်၊ စိတ်ညစ်အောင်ပေါ့ဗျာ။ သွားရေးလာရေးက အခက်အခဲတွေဖြစ်မယ်။ ကျနော်တို့ ဒီကနေ ဘူတာကို သွားရတဲ့ အခက်အခဲ၊ နောက်ပြီး လိုက်ရတာဖိမ်နဲ့မလိုက်ရဘူး၊ အိမ်သာကြိုအိမ်သားကြားတွေမှာ လိုက်ရတယ်။ ခါးပိုက်နှိုက်ခံရ၊ ဒါတွေက စိတ်ဓာတ် မကျကျအောင်၊ ကျနော်တို့ကို အမျိုးမျိုးညှဉ်းဆဲလိမ့်မယ်။"

ဇာဂနာကို မြစ်ကြီးနားထောင်ပို့လိုက်ပြီ

DVB ၊ ဒီဇင်ဘာ ၄ ။ ။ နိုင်ငံကျော် လူရွှင်တော် ဇာဂနာကို အာဏာပိုင်တွေက မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်က မြစ်ကြီးနားထောင်ကို ပို့ပစ်လိုက်ပြီး သူနဲ့အတူ ထောင်ဒဏ်ချမှတ်ခံရသူ ၃ ဦးကိုလည်း ထောင်ပြောင်းရွှေ့လိုက်တယ်လို့ မိသားစုတွေက ပြောပါတယ်။

ကိုဇော်သက်ထွေးကို ရှမ်းပြည်နယ် တောင်ကြီးထောင်၊ ကိုသန့်ဇင် အောင်ကို ကရင်ပြည်နယ် ဘားအံထောင်၊ ကိုတင်မောင်အေးကို မန္တလေးတိုင်း မြင်းခြံထောင် စသည်ဖြင့် ပို့လိုက်တယ်လို့ မိသားစုတွေကပြောပါတယ်။ သူတို့ ၄ ဦးကို ဗုဒ္ဓဟူးနေ့မနက်ပိုင်းကတည်းက အင်းစိန်ထောင်ကနေ ထုတ်သွားပြီး မိသားစုကို ထောင်အာဏာပိုင်တွေကို သွားရောက်မေးမြန်းတော့မှသိရတယ် လို့ ကိုဇာဂနာရဲ့ခယ်မ မငြိမ်းက ပြောပါတယ်။ ဝေးဝေးလံလံ အပြောင်းခံရမယ်လို့မထင်ဘူးလို့ ကိုဇာဂနာက ပြောထားဖူးပေမယ့် အာဏာပိုင်တွေကို မယုံရ

စာမျက်နှာ ၁၂ သို့

ဖဲကြိုးနီဆုရ SAW အဖွဲ့ကို UNDP က ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်

DVB ၊ ဒီဇင်ဘာ ၁ ။ ။ HIV/AIDS ဖြစ်နေတဲ့အမျိုးသမီးတွေကို ကူညီစောင့်ရှောက်ပြီး သေဆုံးသွားသူတွေရဲ့ ကျန်ရစ်တဲ့ကလေးတွေကိုပြုစုစောင့်ရှောက်နေတဲ့ အမျိုးသမီးများအတွက်လူမှုစောင့်ရှောက်ရေးအဖွဲ့ SAW ကို ဂုဏ်ပြု ဆု ထပ်ဆင့်ချီးမြှင့်ပါတယ်။

၂၀၀၈ ဖဲကြိုးနီဆု UNDP-Red Ribbon Award ရထားတဲ့ SAW Social Action for Women အဖွဲ့နဲ့ Empower အဖွဲ့တို့ကို ဒီနေ့ ဒီဇင်ဘာ ၁ ရက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံရှိ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP ဌာနေကိုယ်စားလှယ်က ဂုဏ်ပြုလက်မှတ် ထပ်မံချီးမြှင့်တာပါ။ ဒီဂုဏ်ပြုပွဲကို ထိုင်းအခြေစိုက်Empower နဲ့ Sex Worker အဖွဲ့တို့ဦးဆောင်ပြီး ကမ္ဘာ့ AIDS နေ့အခမ်းအနား အဖြစ် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာကျင်းပတာပါ။ SAW အဖွဲ့အတွက် ဖဲကြိုးနီ ဆုကို ဒီနှစ်ဩဂုတ်လကတည်းက မက္ကစီကိုနိုင်ငံမှာ ချီးမြှင့်ပြီးဖြစ်ပါတယ်။

၂၀၀၈ အတွက် UNDP ဖဲကြိုးနီဆုကို နိုင်ငံပေါင်းစုံက ခုခံအားကျရောဂါတိုက်ဖျက်ရေးကြိုးပမ်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းပေါင်း ၅၀၀ ကျော်ထဲ က ၂၅ ဖွဲ့ကိုရွေးချယ်ချီးမြှင့်တာမှာ ထိုင်းအခြေစိုက် SAW အဖွဲ့လည်း ပါဝင် ပါတယ်။

မြန်မာနိုင်ငံမှာ AIDS ဝေဒနာခံစားနေရသူတွေတိုးပွားနေပြီး မြို့ပြမှာ ရော နယ်တွေမှာပါ အစိုးရကျန်းမာရေးဌာနတွေက တာဝန်ယူစောင့်ရှောက်ပေးမှုအားနည်းနေတာကို နိုင်ငံတကာအစီရင်ခံစာတွေအရ သိရပါတယ်၊ ဒီလိုအခြေအနေမှာ ပြည်တွင်းကရောဂါသည်တချို့ ထိုင်း–မြန်မာနယ်စပ်က ဒေါက်တာစင်သီယာမောင် ဦးဆောင်တဲ့ မယ်တော်ဆေးခန်းနဲ့ SAW အဖွဲ့တို့ဆီကို သွားရောက်ပြီး ကုသမှု၊ စောင့်ရှောက်မှုခံယူနေကြတယ်လို့ SAW အဖွဲ့ရဲ့ဒါရိုက်တာ ဒေါ်အေးအေးမာကပြောပါတယ်။

“ကျမတို့ဆီရောက်လာတဲ့သူတွေထဲမှာ အမျိုးသမီးတွေ၊ ကလေးတွေက ဗမာပြည်အတွင်းပိုင်းကလာကြတာဖြစ်ပါတယ်၊ ဗမာပြည်ထဲ မှာမကုနိုင်ဘူးဆိုပြီး နယ်စပ်မှာရှိတဲ့မယ်တော်ဆေးခန်းကိုလာကြတာ၊ မိဘ မဲ့ဖြစ်သွားတဲ့သူ တွေ၊ မိသားစုအသိုက်အဝန်းကလက်မခံတဲ့သူမှန်သမျှကျမတို့ဆီရောက်တယ်”

ပြည်တွင်းမှာ ဝေဒနာသည်တွေအတွက် ကိုယ်ထူကိုယ်ထကူညီဆောင်ရွက်နေသူတွေကို လေးစားချီးကျူးကြောင်း၊ နယ်စည်းမခြားဆရာဝန်များအဖွဲ့ လို နိုင်ငံတကာအဖွဲ့တွေကို မြန်မာပြည်တွင်းမှာတိုးမြှင့်ကူညီစေလိုကြောင်း ဒေါ်အေးအေးမာကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ဆရာဝန်တွေ့ခွင့်ရ၊ ရှေ့နေနဲ့ တွေ့ဆုံခွင့်မရသေး

RFA ၊ ဒီဇင်ဘာ ၅ ။ ။ နေအိမ်အကျယ်ချုပ် ကျခံနေရတဲ့ ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ရှေ့နေနဲ့ တွေ့ဆုံခွင့်မရသေးပေမဲ့ ဒီဇင်ဘာ လ ၄ ရက်နေ့ ကြာသပတေးနေ့က မိသားစုဆရာဝန် ဒေါက်တာ တင်မျိုးဝင်း နဲ့တွေ့ဆုံခွင့်ရတယ်လို့ သိရှိရပါတယ်။

မျက်မြင်သက်သေတွေရဲ့အဆိုအရ ကြာသပတေးနေ့ မွန်းလွဲပိုင်းက ဒေါက်တာတင်မျိုးဝင်းနဲ့ လက်ထောက်ဆရာဝန်တဦး ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်းဝင်သွားတာတွေ့ရပြီး လေးနာရီကျော်ကြာမှ ပြန်ထွက်လာတယ်လို့ ရန်ကုန်ကလာတဲ့ AFP သတင်းမှာဖော်ပြထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေကြီး ဦးကြည်ဝင်းကလည်း RFA နဲ့အခုတပတ်အတွင်း ဆက်သွယ်မေးမြန်းစဉ် အခုလိုပြောပါတယ်။

“ဆရာတင်မျိုးဝင်းနဲ့ကတော့ ကျနော်တို့သိတာက first Thursday ပေါ့နော်၊ ဆိုတော့ မနက်ဖြန်ဆို သူတွေ့ရမှာပါ”

ဒါပေမယ့် ဦးကြည်ဝင်းအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ပြီးခဲ့တဲ့ စက်တင်ဘာ ၁၃ ရက်နေ့က ပဉ္စမအကြိမ်တွေ့ဆုံခွင့်ရပြီးတဲ့နောက်ပိုင်း နောက်ထပ်တွေ့ဆုံခွင့်မရသေးကြောင်း အောက်တိုဘာလ ၁၆ ရက်နေ့က တွေ့ဆုံခွင့်ရရှိရေးအတွက် တင်ပြခဲ့ရာမှာ အာဏာပိုင်တွေက ဦးကြည်ဝင်းကို ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခွင့် ယာယီရပ်ဆိုင်းထားကြောင်း မကြာခင်တွေ့ဆုံခွင့်ရပါမယ်လို့ ပြော ခဲ့တယ်လို့ ဦးကြည်ဝင်းကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မိမိရသင့်တဲ့ ရပိုင်ခွင့်အခွင့်အရေးနဲ့ပတ်သက်ပြီး အာဏာပိုင်တွေကို တောင်းဆိုတဲ့အနေနဲ့ နေအိမ်ကို ဈေးဝယ်ပို့တာကို ပြီးခဲ့တဲ့ ဩဂုတ်လက ရပ်ဆိုင်းခိုင်းလိုက်ပါတယ်၊ ဩဂုတ် ၂ ရက်နေ့က ပထမအကြိမ် ဒေါ်အောင်ဆန်းစုကြည်က မိမိရှေ့နေနဲ့တွေ့လိုကြောင်း အာဏာပိုင်တွေကိုတောင်းဆိုရာမှာ ဈေးခြင်းပို့တာကိုရပ်ဆိုင်းခိုင်းခဲ့တာပါ။ အဲသလို တောင်းဆိုခဲ့ပြီးတဲ့နောက် ဩဂုတ်လ ၈ ရက်နေ့မှာ ရှေ့နေဦးကြည်ဝင်းနဲ့ တွေ့ဆုံခွင့်ရခဲ့ပြီး အာဏာပိုင်တွေထံ အချက်သုံးချက်ထပ်မံတောင်းဆိုခဲ့ပါတယ်။ အဲဒီလိုတောင်းဆိုချိန် ဩဂုတ်လ ၁၅ ရက်နေ့က စပြီး ဈေးခြင်းလက်ခံတာကို ဒုတိယအကြိမ်မြောက် ရပ်ဆိုင်းခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းကမှ အာဏာပိုင်တွေက ဒေါ်အောင်ဆန်းစုကြည်ရဲ့ တောင်းဆိုထားတဲ့ ဆရာဝန်နဲ့ပုံမှန်တွေ့ဆုံခွင့်၊ မိသားစုပေးစာများနဲ့ သတင်းစာ မဂ္ဂဇင်းများဖတ်ရှုခွင့်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူနေထိုင်သူ ဒေါ်ခင်ခင်ဝင်းသားအမိကို လွတ်လပ်စွာသွားလာခွင့်တွေ ရခဲ့ပြီးနောက် ဈေးခြင်း ပို့တာကို ပြန်လည်လက်ခံခဲ့တာပါ။ ဈေးဝယ်ပို့တာကို လက်မခံခဲ့တဲ့ တလကျော် အချိန်အတွင်း ဒေါ်အောင်ဆန်းစုကြည်ဟာ အစာကို လျှော့စားခဲ့တာကြောင့် ကိုယ်အလေးချိန်ကျသွားပြီး အားအလွန်နည်းနေ ကြောင်း ဒေါက်တာတင်မျိုးဝင်းနဲ့ တွေ့ဆုံခွင့်ရခဲ့တဲ့ စက်တင်ဘာလ ၁၄ ရက်နေ့ က အားဆေးသွင်းခဲ့ရတယ်လို့ သိရှိရပါတယ်။

စာမျက်နှာ ၆ မှ

ကုလသမဂ္ဂက အမြဲတမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်တဲ့၊ ဒီ ကုလသမဂ္ဂအထွေထွေညီလာခံက ပြဌာန်းချက်အရ မြန်မာမိတ်ဆွေနိုင်ငံများအဖွဲ့နဲ့ ပူးပေါင်းပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တယ်လို့ပဲ ဆိုပါတယ်။

ဒါဖြင့်ရင် နှစ်မကုန်ခင်မှာ မြန်မာနိုင်ငံကိုသွားဖို့ အစီအစဉ်များရှိပါသလားလို့ သတင်းထောက်အမေးကိုတော့ မြန်မာနိုင်ငံကို ဘယ်အချိန်မဆို သွားဖို့အဆင်သင့်ပါပဲ၊ မြန်မာစစ်အစိုးရနဲ့ သူ ဆွေးနွေးစရာတွေအများကြီးရှိပါတယ်။ စီးပွားရေးကိစ္စ၊ လူသားချင်းစာနာတဲ့ကိစ္စ၊ နိုင်ငံရေးကိစ္စတွေအများကြီးရှိပါတယ်။ ဒါပေမယ့် အခုအခါမှာ သင့်လျော်တဲ့အချိန်ကို စောင့်ဆိုင်းနေတာဖြစ်ပါတယ်။ အချိန်မကျသေးဘူးလို့ သူထင်ပါတယ်။ အချိန်မရွေးသွားမှာပါတဲ့၊ သူဟာ မျှော်လင့်ချက်ကို အကောင်အထည်ဖော်နိုင်မယ်၊ အဓိပ္ပါယ်ရှိတဲ့ ရလဒ်မျိုးပေါ်ထွက်လာမယ်လို့ စဉ်းစားမိတဲ့တနေ့မှာ ချက်ချင်းသွားမယ်လို့ဆိုပါတယ်။

နောက်ဆုံး သတင်းတယောက်အမေးကတော့ မြန်မာနိုင်ငံမှာ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံနေရတဲ့ တရုတ်တို့လို နိုင်ငံမျိုးတွေကြောင့် မြန်မာပြည်ကို ဖိအားပေးရတာ ပိုခက်သလားလို့မေးတဲ့အခါ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က လူကြီးပီပီ ပုဂ္ဂလိက နိုင်ငံတနိုင်ငံချင်းစီက လုပ်နေတာကို သူ ဘာမှမပြောလိုပါဘူးတဲ့၊ ဒါပေမယ့် သူပြောချင်တာတခုကတော့ မြန်မာနိုင်ငံကို ဩဇာလွှမ်းမိုးနိုင်တဲ့ နိုင်ငံတွေအနေနဲ့လည်း မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက် အခွင့်သာတိုင်း ပြောကြဖို့ တောင်းဆိုကြောင်းပြောပြီး နိဂုံးချုပ်သွားပါတယ်။

			2008			
			1	2	3	4
5	6	7	8	9	10	11
12	13	14	15	16	17	18
19	20	21	22	23	24	25
26	27	28	29	30	31	

နိုဝင်ဘာ ၂၆၊ OSLO ။ ။ ဒေါ်အောင်ဆန်းစုကြည်အား ဝန်ကြီးချုပ်နှင့်သမတဖြစ်ခဲ့သူ ၇၀ ခန့်ပါသည့် မေဒရစ်ကလပ်မှ ဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ် ဂုဏ်ပြုလိုက်ကြောင်း။

နိုဝင်ဘာ ၂၆၊ LDN-RFA ။ ။ နိုင်ငံနှင့်လူမှုရေးလှုပ်ရှားသူများအား ထောင်နှစ်ရှည်ချနေချင်းကို ဗြိတိန်ရှိမြန်မာလှုပ်ရှားသူများမှ ၂၄ နာရီအစါင်တ်ခံ အသံတိတ်ဆန္ဒပြ၏။

နိုဝင်ဘာ ၂၇၊ DVB ။ ။ ကမာရွတ် စိမ်းလဲ့ကန်သာနိုင်ငံတော်ဧည့်ဂေဟာတွင် မီးလောင်မှုဖြစ်ရာ သတင်းမထုတ်ပြန်ရန် အာဏာပိုင်များမှ အမိန့်ချထားကြောင်း။

နိုဝင်ဘာ ၃၀၊ DVB ။ ။ မိတ္ထီလာ ချည်မျှင်နှင့် အထည်စက်ရုံဝန်ထမ်းအိမ်ရာခ သုံးဆတိုးကောက်၍ မိသားစုများဒုက္ခရောက်နေကြောင်း စက်ရုံဝန်ထမ်းများမှဆို၏။

နိုဝင်ဘာ ၃၀၊ DVB ။ ။ ကရင်ပြည်နယ် ကော့ပိန်းရွာကျောင်းတိုက်မှ ဆရာတော် ဦးပီယသိပ္ပံအား အာဏာပိုင်များမှ အမှုဆင်၍ သာသနာညှိုးနွမ်းစေမှုဖြင့်ထောင်ချခဲ့၍ အမှုမှန်ပေါ်ရေး ကြိုးပမ်းနေကြောင်း လမ်းပြကြယ်အဖွဲ့ ရှေ့နေဦးအေးမြင့်မှဆို၏။

ဒီဇင်ဘာ ၁၊ DVB ။ ။ အဲန်အဲလ်ဒီသည် ဗဟိုနှင့်နယ်ရုံးများ ပိုမိုထိတွေ့စေလိုကြောင်း ရေနံချောင်း အဲန်အဲလ်ဒီမှဆို၏။

ဒီဇင်ဘာ ၁၊ DVB ။ ။ သံဃာ့တပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရအပါအဝင် ၆ ဦးအား နယ်ထောင်များသို့ တကွဲစီ ပို့လိုက်ကြောင်း မိသားစုများမှဆို၏။

ဒီဇင်ဘာ ၁၊ DVB ။ ။ HIV မိဘမဲ့ကလေးများရန်ပုံငွေအဖြစ် ကျင်းပသည့်အဖြူရောင်သက်တန့် ကဗျာရွတ်ပွဲ ယခုနှစ် ဦးဆောင်မည့်သူမရှိ၍ မကျင်းပဖြစ်ကြောင်း ပန်းချီဒေါ်ချောအိသိမ်းမှဆို၏။ ၂၀၀၆ တွင် ကဗျာဆရာ အောင်ဝေး၊ စောဝေနှင့် ဇော်သက်ထွေးတို့မှ ဦးစီးခဲ့၏။

ဒီဇင်ဘာ ၁၊ BKK-DVB ။ ။ ၂၀၀၈ ဖဲကြိုးနီဆု UNDP-Red Ribbon Award ရထားသော Social Action for Women အဖွဲ့နှင့် Empower အဖွဲ့တို့အား ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့တွင် ယူအန်ဒီပီမှ ဂုဏ်ထူးဆောင်လက်မှတ် ယနေ့ထပ်ဆင့်ချီးမြှင့်၏။

ဒီဇင်ဘာ ၁၊ DVB ။ ။ နအဖသည် HIV-AIDS တိုက်ဖျက်ရေး ကျယ်ပြန့်စွာဆောင်ရွက်ရန်လိုကြောင်း မိတ္ထီလာခရိုင် NLD သာစည်ကိုယ်စားလှယ် ဦးသိန်းမောင်မှဆို၏၊

ဒီဇင်ဘာ ၂၊ CNN-Georgia ။ ။ ကွန်ဂို၊ မြန်မာ၊ ဇင်ဘာဘွေ၊ ဆူဒန်၊ အာဖဂန်နစ္စတန်စသည့် လူ့အခွင့်အရေးစနစ်တကျအဖေါက်အဖျက်ခံနေရသူများအား အမေရိကန်နှင့် ကမ္ဘာမှ ညီညွတ်စွာ ကူညီသင့်ကြောင် အမေရိကန်သမတဟောင်းဂျင်မီကာတာမှ CNN ရုပ်သံမှတင်ပြ၏။

ဒီဇင်ဘာ ၂၊ DVB ။ ။ မော်လမြိုင် အောက်ဈေးကြီးတခုလုံး ယမန်နေ့ည မီးလောင်၍ ဆိုင်ခန်း ၁,၀၀၀ ကျော် မီးလောင်ပျက်စီးကာ ကျပ်သိန်းပေါင်းများစွာ ဆုံးရှုံးခဲ့ကြောင်း။

ဒီဇင်ဘာ ၃၊ JKT-Rtrs ။ ။ ယခုလ ၁၃–၁၇ ချင်းမိုင်တွင်ကျင်းပမည့် အာဆီယံဆွေးနွေးပွဲကို ယခုလကုန်တွင် ဂျကာတာသို့ ပြောင်းကျင်းပမည်ဟု အာဆီယံမှဆို၏။

ဒီဇင်ဘာ ၃၊ DVB ။ ။ ဒေါ်ဝင်းမြမြ၊ ဦးသန်းလွင်၊ ဦးဝင်းရွှေ(ကျောက်ပန်းတောင်း) တင်ကိုကို(မိတ္ထီလာ)၊ မင်းသူ(မိုးကုတ်)တို့၏အမှုအယူခံအားမန္တလေးတိုင်းရုံးမှပလပ်ခဲ့၏။

ဒီဇင်ဘာ ၃၊ Telegraph ။ ။ ကမ္ဘာ့ခေါင်းဆောင်တရာကျော်မှ မြန်မာ့အရေးတောင်းဆိုမှုကို အာဆီယံခေါင်းဆောင်များမှ သွေးအေးနေကာ တုံ့ပြန်မှုမရှိကြောင်း။

ဒီဇင်ဘာ ၃၊ Bloomberg ။ ။ ဒေဝူးသည် မြန်မာမှ တရုတ် (China National Oil Co.) သို့သဘာဝဓါတ်ငွေ့ပို့ရေးစာချုပ်ကို ယခုလအတွင်း ရေးချုပ်ဖွယ်ရှိကြောင်း။

ဒီဇင်ဘာ ၃၊ NEJ ။ ။ ဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေး စစ်အုပ်စုကို တောင်းဆိုရန်အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Ban Ki-Moon မြန်မာနိုင်ငံကို မူလစီစဉ်ထားတဲ့အတိုင်း ယခုနှစ်မကုန်ခင် သွားရန်နိုင်ငံ ၅၀ ကျော်မှ သမတနှင့်ဝန်ကြီးချုပ်ဟောင်း ၁၁၂ ဦးတို့ထံမှ တိုက်တွန်းစာများကို The Oslo Center for Peace and Human Rights (နော်ဝေ)နှင့် Freedom Now (အမေရိကန်) တို့မှ ယနေ့ထုတ်ပြန်၏။

ဒီဇင်ဘာ ၃၊ NEJ ။ ။ စစ်အုပ်စု စာပေစီစစ်ရေး၏ ၂ လကြာ အပိတ်ခံထားရသည့် True News ဂျာနယ်အား ဒီဇင်ဘာ ၂ တွင် ပြန်ထုတ်ဝေခွင့်ရကြောင်း။

ဒီဇင်ဘာ ၃၊ DVB ။ ။ ဇေယျာသော်နှင့် အောင်ဇေဖြိုးတို့အား ကော့သောင်ထောင်သို့ပြောင်းရွှေ့ခဲ့ကြောင်း။

ဒီဇင်ဘာ ၃၊ RFA ။ ။ နအဖ ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဒီဇင်ဘာ ၁၂ မှစ၍ နိုင်ငံခြားငွေလက်မှတ် FEC ဒေါ်လာ ၅၀ တန် လက်ကိုင်ဖုံးကပ်များ စရောင်းမည်ဟုသိရ၏။

ဒီဇင်ဘာ ၃၊ RFA ။ ။ ကမ္ဘာ့စီးပွားရေးကပ်ကြောင့် မြန်မာသို့ ပြန်ရောက်လာသူများအား အလုပ်အကိုင် အကူအညီပေးရန် အသင့်ဟု နအဖမှဆို၏။

ဒီဇင်ဘာ ၃၊ RFA ။ ။ လှိုင်သာယာမြို့နယ်တွင် လူမမယ်သားနှစ်ဦးအား သွေးဆောင်၍စစ်ထဲသွင်းမှုကို ကမ္ဘာ့အလုပ်သမားအဖွဲ့ ILO သို့တိုင်ကြားခဲ့သူအား ငှားနေသော အိမ်ကို အာဏာပိုင်များမှ အဖျက်ခိုင်းကြောင်း။

ဒီဇင်ဘာ ၃၊ RFA ။ ။ ACID အဖွဲ့ဝင် ၈၈ မျိုးဆက်သစ်လူငယ်အစည်းအရုံးမှ ဇေယျာသော်နှင့် အကျဉ်းသားအချို့အား နယ်ဝေးထောင်များသို့ ယနေ့ ပြောင်းရွှေ့ခဲ့ကြောင်း။

ဒီဇင်ဘာ ၄၊ RFA ။ ။ ၁၉၉၀ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စားပြုကော်မတီ CRPP အစည်းအဝေးကို ရန်ကုန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကျင်းပခဲ့၏။

ဒီဇင်ဘာ ၄၊ Aljazeera ။ ။ ကမ္ဘာ့ခေါင်းဆောင်ဟောင်းတရာကျော်တို့၏ တိုက်တွန်းသည့်ကြားမှ မြန်မာသို့မိမိသွားလျှင် အဓိပ္ပါယ်ရှိသောရလဒ်ရရန် လုံလောက်သော မျှော်လင့်ချက်မရှိသဖြင့် လတ်တလောမသွားသေးဟု ကုလအတွင်းရေးမှူး Ban Ki-Moon မှဆို၏။

ဒီဇင်ဘာ ၄၊ DVB ။ ။ နအဖ၏ဖိအားကိုမမှုဘဲ စစ်အာဏာရှင်အား ဆက်လက်တိုက်ပွဲဝင်သွားရန် ဗိုလ်ချုပ်ကျော်ဇော(၈၉နှစ်)(ရဲဘော်သုံးကြိပ်ဝင်)မှ တိုက်တွန်း၏။

ဒီဇင်ဘာ ၄၊ VOA ။ ။ ကုလအတွင်းရေးမှူးချုပ်သည် မိမိအကြံပေး Gambari နှင့်အတူ မြန်မာနိုင်ငံနှင့် ပတ်သက်၍ အပြည့်အဝဆက်၍လုပ်မည်ဟု ထပ်မံကတိပြု၏။

ဒီဇင်ဘာ ၅၊ PARIS ။ ။ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ RSF မှ အပြည်ပြည်ဆိုင်ရာ ဘလော်ဂါဆုအား ထောင်ကျသူနေမျိုးလတ်နှင့် ဇာဂနာတို့အား ချီးမြှင့်၏။

ဒီဇင်ဘာ ၅၊ DPA ။ ။ ဦးဝင်းတင်(၇၉) အား သွေးအားနည်း အသက်ရှူကျပ်၍ ဆေးရုံတင်ထားရကြောင်း။

ဒီဇင်ဘာ ၅၊ XNA ။ ။ တရုတ်နိုင်ငံခြားရေးဝန်ကြီး Yang Jiechi သည် နအဖဗိုလ်ချုပ်သန်းရွှေနှင့် နေပြည်တော်တွင်တွေ့ဆုံစဉ် တရုတ်သည် မြန်မာ၏အချုပ်အခြာအာဏာထိန်းသိမ်းရေး၊ နိုင်ငံတည်ငြိမ်ရေးကို အစဉ်အားပေးကာ၊ မြန်မာရင်ကြားစေ့ရေး၊ ဒီမိုကရေစီရရေးနှင့် လူမှုစီးပွာတိုးတက်ရေးတို့ကို တွန်းအားပေးမည်ဟုဆို၏။

ဒီဇင်ဘာ ၅၊ Mizzima ။ ။ သတင်းသမား ၁၄ ဦးအားဖမ်းထားသည့် မြန်မာသည် သတင်းသမားအတွက် တတိယအဆိုးဆုံးနိုင်ငံဟု သတင်းသမားကာကွယ်ရေး

စာမျက်နှာ ၁၁ သို့

အချိန်နှင့်ငွေကြေးပြဿနာ

(အရင်းရှင်စီးပွါးရေးစနစ်၏နောက်တွင် ဘာစီးပွါးရေးစနစ်များလာဦးမည်လဲ)

မောင်ပုည (သြစတြေးလျား)

(၃)

"မောင်ချစ်ဖူးရေ ကမ္ဘာ့စီးပွါးရေးကပ်ဆိုက်မှုနဲ့ ကမ္ဘာ့နိုင်ငံရေးအကျပ်အတည်းဟာ ဒွန်တွဲလာတတ်ပါတယ်ကွယ်၊ ၁၉၂၂ ခုနှစ်မှာ အီတလီမှာ မူဆိုလီနီ (Musso Lini) ရဲ့ ဖက်ဆစ်အစိုးရတက်လာတဲ့အခါ အီတလီ၊ ဂျာမနီ၊ စပိန်၊ ပေါ်တူဂီအထိ ပျံ့နှံ့သွားပါတယ်"

'ဆက်ပြောပါဦးဆရာ'

"အဲဒီမှာ ဂျာမနီကအတွေးအခေါ်ပညာရှင်ဖြစ်တဲ့ ကာလ်းမတ်စ် (Karl Marx) နဲ့ သူ့ရဲ့ 'အစွန်းထွက်တန်ဖိုး' ကိုရှာဖွေတဲ့အရင်းကျမ်း (Das Kapital) ၁၈၁၈–၈၃ ဟာ ပေါ်ထွက်ခဲ့ပါတယ်၊ ဒီနောက် ဒါကိုလက်တွေ့အကောင်အထည်ဖော်တဲ့ရုရှားမှာ ၁၉၁၇ ခုနှစ်ရောက်တော့ ဘောလ်ရှီဗစ် (Bolshevik) လို့ခေါ်ကြတဲ့ လီနင် (Lenin) ရဲ့ကွန်မြူနစ်ပါတီဟာ အောက်တိုဘာတော်လှန်ရေးနဲ့ အာဏာရလာပါတယ်"

'ဟုတ်ကဲ့ဆရာ ဆက်ပါဦး'

"၁၉၃၀ ခုနှစ် စီးပွါးရေးကပ်ကြီးဆိုက်ရောက်ချိန်မှာ ၁၉၃၃ ခုနှစ်လည်း ရောက်တော့ ဒီမိုကရေစီဆန့်ကျင်ရေး၊ အမျိုးသားရေးဝါဒဆန့်ကျင်ရေးနဲ့ ဘောလ်ရှီဗစ် (ကွန်မြူနစ်ဝါဒ) ဆန့်ကျင်ရေးနဲ့ 'ဟစ်တလာ' ဟာ ဂျာမနီမှာ အာဏာရလာပါတယ်၊ ဒုတိယကမ္ဘာစစ်ကြီးလည်း တခါထဲဖြစ်ပါတော့တယ်"

'အားလုံးကတော့ ဘုရားသခင်လုပ်တာမဟုတ်လေတော့ဆရာ၊ ခု လည်း ဖက်ဆစ်စနစ်နဲ့ကွန်မြူနစ်စနစ် အပြန်အလှန်တွဲခေါ်တာတော့သိရပါပြီ၊ ခုလို စီးပွါးရေးကပ်ပျက်ကြီးဆိုက်ရောက်လာတာလည်း ပြောပါဦးဆရာ'

"ဆရာကြီးသခင်စိုးက စာအုပ်ဆိုင်သွားပြီး ဒါစ်ကပ္ပိတဲလ် (Das Kapital) ကို တနေ့နည်းနည်း သွားခိုးဖတ်တယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ ဒီကျမ်းကို ဘယ်သူတွေဘယ်လောက်ဖတ်ဖူးတယ်မသိရပါဘူး၊ အယူအဆနဲ့ ပညာရှင်တွေရဲ့မွေးဖွားရာဒေသကတော့ အင်္ဂလန်၊ ဂျာမနီနဲ့ ပြင်သစ်တို့ပါပဲကွယ်"

'သိပါရစေဆရာ၊ ဖောက်သည်ချပါဦး'

"ဂျုံးဂျုံးကျမဟုတ်သေးပေမဲ့ ခုလိုပြိုကွဲကျဆင်းနေတဲ့စီးပွါးရေးစနစ်ကတော့ လွတ်လပ်တဲ့ဈေးကွက် (Open market) စီးပွါးရေးကိုအခြေခံထားတဲ့ အရင်းရှင်စီးပွါးရေးစနစ်ပါပဲမောင်ချစ်ဖူး"

'ပြောပါဆရာ၊ နားထောင်ပါရစေ'

"စိတ်သောကဝေဒနာတွေရဲ့တန်ပြန်မှုကို ကြာမြင့်စွာခံစားနေရခြင်း၊ ချမ်းသာကြွယ်ဝမှုနှင့် အရင်းအနှီးလျင်မြန်စွာတိုးတက်မှု၊ ထူးဆန်းအံ့သြဖွယ်ရာ အလုပ်ရဲ့လုပ်ဆောင်မှု စတာတွေကို လွန်ခဲ့တဲ့နှစ်ပေါင်း ၁၆၀ ကျော်ကသတင်းစာတွေမှာရေးသားခဲ့တဲ့ စကော့တစ်ချ် (Scottish) လုပ်ငန်းရှင် 'ဂျိမ်းစ်ဝီလ်ဆင်' (James Wilson) ကတော့ နောက်ပိုင်းမှာလည်း စီးပွါးရေးပညာဆိုင်ရာတွေ အမြောက်အမြားရေးသားဖြန့်ဖြူးခဲ့ပါတယ်၊ အရေးအကြီးဆုံးကတော့ သူက (economic liberty) စီးပွါးရေးလွတ်လပ်ခွင့်ကို အမွမ်းတင်ရေးသားပါတယ်"

'ပြောပါဆရာ'

"ခုတော့ အရင်းရှင်စီးပွါးရေးစနစ်ဟာ ရက်ရက်စက်စက်အတိုက်ခိုက်ခံနေရတော့ စာနယ်ဇင်းမှာ 'သက်ချာ–ရီဂင်' (Thatcher-Reagan) ခေတ်ကုန်ဆုံးသွားပြီလား၊ အရင်းရှင်စီးပွါးရေးစနစ် 'ဘေး' ကိုရောက်သွားပြီလား လို့ရေးသားသူတွေရှိသလို အချို့ကလည်း စစ်အတွင်းကလို 'new deal' နဲ့ 'new economic order' နဲ့သွားရမယ်လို့ ဆန္ဒပြုသူတွေလည်းပေါ်လာပါ တော့တယ်"

'ခုဟာကဆရာ၊ ဈေးကွက်စီးပွါးရေးစနစ်ကြောင့် တရုတ်နဲ့အိန္ဒိယတို့ ဟာ ဖွံ့ဖြိုးတာမှမကြာသေးဘူး၊ တရုတ်မှာ စက်ရုံတဝက်လောက်တောင်ပိတ်သွားကုန်ပြီ၊ ဒါနဲ့ ဒီလို တရုတ်နဲ့အိန္ဒိယတို့ အလူးအလဲခံရချိန်မှာ "ရုရှား" ကတော့ "ပန်းပန်လျက်ပါ" လားဆရာရယ်'

"ကမ္ဘာလုံးဆိုင်ရာထိတော့ ရုရှားလည်းထိတာပေါ့ကွယ်၊ ဒါပေမင့် လောလောဆယ်မှာ တရုတ်နဲ့ အိန္ဒိယက လူဦးရေ သန်းတထောင်ကျော်နဲ့ သန်းတထောင်၊ ရုရှားက 'ဗိတ်' တွေချလိုက်တော့ လောလောဆယ် သန်း ၁၄၀ လောက်ပဲရှိတော့တယ်၊ သူက ဥရောပတခွင်လုံးကို ရေနံနဲ့ဓါတ်ငွေ့တွေရောင်းချထားတယ်၊ ဒီစီးပွါးရေးအကျပ်အတည်းမှာ နိုင်ငံတိုင်းဟာ ရံပုံငွေအသစ်တွေကိုထည့်ပြီး ကျားကန်ပေးကြရသလို ရုရှားမှာလည်း ဘီလီယံ သန်း ၂၀၀ နဲ့ ဗဟိုဘဏ်ကိုရော၊ ကုမ္ပဏီတွေကိုပါ ကျားကန်ပေးပါတယ်၊ ပြီးတော့ အစိုးရကိုယ်တိုင် ရှယ်ယာတွေကိုဝယ်ယူပစ်တယ်၊ ကမ္ဘာမှာ တတိယမြောက်နိုင်ငံခြားငွေတွေသိုလှောင်ထားရာ ရုရှားဖြစ်နေပါတော့တယ်မောင်ချစ်ဖူး"

'ဒီလိုအရင်းရှင်စီးပွါးရေးစနစ်ယိမ်းယိုင်လာတော့ ဆိုရှယ်လစ်စီးပွါးရေးအပြင် အခြားရွေးချယ်စရာရှိပါသေးသလားဆရာ'

"ပြင်သစ်ကသမတဟောင်း 'ဖရန်ကွိုင်ဗစ်တာရင်း' တို့၊ ၁၉၉၀ ခုနှစ်မှာ ဖင်လန်နဲ့ဆွီဒင်တို့မှာလည်း ဘဏ်တွေကို ပြည်သူပိုင် (ဝါ) နိုင်ငံပိုင်လုပ်ပစ်ခဲ့တာလည်းရှိပါတယ်၊ သမတဗစ်တာရင်းကတော့ ဘဏ်တွေကို ဒီအတိုင်းလွတ်လပ်ခွင့်ပေးပြီး မိမိသဘောနှင့်မိမိ လွှတ်ပေးထားပါတယ်၊ ဒါတွေလည်း မမှန် ဘဲမှားခဲ့ပါတယ်"

'ဒါဆို အဖြေကဘာလဲဆရာရယ်'

(၄)

"အေး လေ၊ တရုတ်ခမျာအနေနဲ့ ဆူဒန်တို့၊ မြန်မာတို့အပေါ်မှာ စေတနာမထားတာတော့ ရှိပါစေတော့ကွယ်၊ ခု သူကိုယ်တိုင် စီးပွါးရေးကပ်ဆိုက်လာတော့ တရုတ်ခေါင်းဆောင်တွေရော၊ ပြည်သူတွေပါ အတော့်ကိုတုန်လှုပ်ချောက်ချားတာကိုမြင်ရပါတယ်၊ ဥပမာ အောက်တိုဘာ ၂၇ ရက်နေ့က ပီကင်းမှာကျင်းပတဲ့ 'အာရှ–ဥရောပ' စီးပွါးရေးဆိုင်ရာအစည်းအဝေးမှာဆိုရင် တရုတ်ဝန်ကြီးချုပ် 'ဝမ်ဂျီဘောင်' နဲ့ သူ့လူတွေကလည်း တပုံတပင်၊ ပြင်သစ်သမတ 'နီကိုလတ်ဆာကိုဇီ' ကတဖွဲ့၊ အီးယူဥက္ကဋ္ဌ 'ဂျိုးစ်မင်ညူဘာရိုဆို' ကတဖွဲ့ အသီးသီးတက်ရောက်ကြပါတယ်"

'ဘာတွေများဆုံးဖြတ်ကြသလဲဆရာ'

"အမေရိကန်မပါတော့လည်း ခက်သားပဲ၊ အမေရိကန်ကလည်း 'စကြာဝတေးမင်း' နေရာမှာရှိနေတယ်မဟုတ်လား၊ ဒါကြောင့် နိုဝင်ဘာဒုတိယပါတ်ထဲမှာ USA မှာကျင်းပမယ့် 'G-7' အစည်းအဝေးကျမှသာ ဆုံးဖြတ်ချက်ချမှတ်နိုင်တော့မယ်လေ"

'ဟုတ်ကဲ့ပါဆရာ၊ ခုတလော သြစတြေးလျားမှာထုတ်ဝေတဲ့သတင်းစာတွေမှာတော့ စာနယ်ဇင်းနယ်စား (Baron) ကြီး "ရုပတ်မားဒေါက်" (Rupert Murdoch) ရဲ့ပြောကြားချက်နဲ့ဓါတ်ပုံသတင်းမှာ ခရစ်ယာန်စာစောင်တွေမှာသာသုံးနှုန်းတဲ့ "ဗျာဒိတ်သစ်ကျမ်း" လို (New World order) ကိုသုံးထားပါတယ်ဆရာ၊ ဘာသဘောများလဲဆရာရယ်'

"ကိုယ်လည်းတွေ့လိုက်ရပါတယ်၊ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားမှာ သူဟာ ဒါဇင်ဝက်လောက်စွဲစွဲမြဲမြဲနေထိုင်ရင်းက မားဒေါက်ဟာ ကွန်ပြူတာမှန်သားပြင်နဲ့ မပြတ်မြင်နေရတဲ့ ဂိုဂဲလ် (Google) မှာထင်လာတဲ့ရုပ်ပုံ တွေနဲ့ ဘာသာစကားတွေကို စကားပြောတာမဟုတ်လားကွယ်၊ ဒါကြောင့် လည်း သူပိုင်သတင်းစာကြီးဖြစ်တဲ့ 'Heral Sun' မှာ 'New World order' ကို ထူးထူးဆန်းဆန်းဖော်ပြထားသပေါ့"

စာမျက်နှာ ၁၄ သို့

အများပိုင်ငွေ ကျပ်သိန်း ၉၀၀ အလွဲသုံးမှု ပြည်ခိုင်ဖြိုးတာဝန်ရှိသူ ပတ်သက်နေ

DVB ၊ ဒီဇင်ဘာ ၅ ။ ။မြို့နယ်ပြည်ခိုင်ဖြိုး(ကြံ့ဖွံ့)အသင်း အတွင်းရေးမှူးတ ဦး ပါဝင်ပတ်သက်နေတဲ့အများပိုင်ငွေ ကျပ်သိန်း ၉၀၀ ကိုယ်ကျိုးအလွဲသုံးစားတဲ့အမှုကို မန္တလေးတိုင်း မြင်းခြံမြို့တရားရုံးက စစ်ဆေးနေပါတယ်။

ပြည်ခိုင်ဖြိုးအတွင်းရေးမှူးက စက်မှု ၁ ဝန်ကြီး ဦးအောင်သောင်းရဲ့အရှိန်အဝါကိုသုံးပြီး အမှုကနေလွတ်အောင် လုပ်နေတယ်လို့ မြင်းခြံဒေသခံတွေက ပြောပါတယ်။ ကျပ်သိန်း ၉၀၀ အလွဲသုံးစားလုပ်မှုမှာ မြင်းခြံမြို့နယ်ပြည်ခိုင်ဖြိုး (ကြံ့ဖွံ့) အသင်းအတွင်းရေးမှူး ဦးလှသန်းလည်းပါဝင်တယ်လို့ တရားစွဲခံနေရတဲ့ မြင်းခြံမြို့ မထသ(မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ)က စာရေးဝန်ထမ်း အမျိုးသမီးက တရားရုံးမှာထွက်ဆိုတယ်လို့ မြင်းခြံဒေသခံ တဦးက ပြောပါတယ်။

"မကြူဆိုတာ မထသ စာရေးမ။ သူဟာ စက်မှုဇုံနဲ့ ဘာမှမဆိုင်ဘူး။ ခု မကြူက တရားရုံးမှာ ထွက်တာကျတော့ ဒီငွေကို ရှင်းရှင်းပြောရင် သူလည်းသုံးတယ်၊ မထသဥက္ကဋ္ဌလည်းသုံး၊ ကြံ့ဖွံ့အတွင်းရေးမှူးလည်း သုံးတယ်ပေ့ါဗျာ၊ ဦးလှသန်းလည်းသုံးတယ်ဆိုပြီးတော့ အမှုထွက်ထားတယ်။"

စက်မှုဇုန်ဥက္ကဋ္ဌ၊ မထသ ဥက္ကဋ္ဌ၊ မြင်းခြံမြို့ ပြည်ခိုင်ဖြိုးအသင်း အတွင်းရေးမှူး စတဲ့တာဝန် ၃ ခု ယူထားတဲ့ ဦးလှသန်းက စက်မှုဇုံနဲ့ မထသပိုင် ဘဏ်စာအုပ် ၂ အုပ်စလုံးကို ကိုင်ဆောင်ထားတယ်၊ ဘဏ်စာအုပ်ထဲမှာ ငွေမရှိတော့တာကို အလုပ်သမားတွေသိသွားရာက ဒီအမှုစတင်တာလို့ စက်မှုဇုန်လုပ်သားတဦး က ပြောပါတယ်။ လွန်ခဲ့တဲ့ တလခွဲလောက်မှာ မြင်းခြံစက်မှုဇုံက စက်ရုံ လုပ်သားတွေရဲ့ရန်ပုံငွေ ကျပ်သိန်း ၇၀၀ နဲ့ မထသပိုင်ရန်ပုံငွေ သိန်း ၂၀၀ ပျောက်ဆုံးမှုကို စက်ရုံလုပ်သားတွေနဲ့ ကားသမားတွေက တိုင်ရာမှာ ဦးလှသန်းကို ဦးတည်ပြီး တရားစွဲပေမယ့် မြင်းခြံမြို့နယ်တရားရုံးက ပယ်ချခဲ့ပြီး စာရေးမကြူကို အမှုစစ်နေတာလို့ ပြောပါတယ်။ မထသကရော၊ စက်မှုဇုံကပါ တရားစွဲထားပေမယ့် တရားသူကြီးကပလပ်လိုက်တာဟာ ဦးလှသန်းဟာ စက်မှု ၁ ဝန်ကြီးဦးအောင်သောင်းရဲ့လူယုံဖြစ်နေတာကြောင့် ဖြစ်နိုင်တယ်လို့ မြို့ခံတွေက ပြောပါတယ်။ မြင်းခြံမြို့ခံတဦးက "ဦးလှသန်းကတော့ ဒီမှာ အပြင်မှာအေးဆေးပဲ" လို့ ပြောပါတယ်။

"သူ့ကို ကိုင်လို့မရဘူးဆိုတာချည်းပဲ ပြောတယ်။ သူက အောင်သောင်းနဲ့ သားအဖလိုနေတဲ့ သူမျိုးပေ့ါလေ၊ ဦးလှသန်းက အဲလိုပုံစံမျိုးပြောတယ်၊ သူက အပြင်မှာ အခုချိန်ထိ ခပ်တည်တည်ပဲ၊ သူကအေးဆေးဘဲ၊ ဘာမှ ဘယ်သူ့မှ ထည့်မတွက်တဲ့ပုံမျိုးပဲ။ "

"သူတို့ကြံ့ဖွံ့ကိုက အတင်းဆွဲချတာ မကျဘူးဗျ။ ခယက ကိုယ်တိုင်ကိုယ်ကလည်း အတင်းဆွဲချတာ သူကို ဒီကြံ့ဖွံ့တွေ တော်တော့်ကိုမုန်းတာဗျ ဦးလှသန်းကို။ အဲဒါကို သူကမကျဘူးဗျ။ တော်တော်ပိုင်တဲ့လူဗျ။ မထသ တရားမစွဲပါဘူးပြောတာကို မယက အတင်းစွဲခိုင်းတာ၊ ဘယ်လောက်ထိမုန်းလဲ။ "မထသက မစွဲတော့ဘူးပေ့ါ၊ သိန်း ၂၀၀ လည်း ပြန်ရတယ်ပေ့ါ၊ အဲလိုလုပ်တာကို မယက မရဘူး၊ 'မင်းတို့ စွဲကိုစွဲရမှာ' ဆိုပြီးတော့ အတင်းစွဲခိုင်းတာ။ အဲဒါကို တရားရုံးက လုံးဝလက်မခံဘူး။ ဥပမာအမှုဆင်တာတွေ ဦးလှသန်းကို ဆင့်တာခေါ်တာ ဘာမှမလုပ်ဘူး။ မကြူတယောက်ကိုပဲ လုပ်နေတာ"။

ဒီအမှုမှာ ပါဝင်ပတ်သက်နေသူတွေထဲမှာ ဦးလှသန်းသာမက စိန်ကမ္ဘာဦးရှိန်၊ ဦးအောင်ဇံစတဲ့ ပုဂ္ဂိုလ်တွေပါဝင်နေပေမယ့် စာရေးမတဦးတည်းကိုပဲ အမှုစစ်နေတာလို့ မြင်းခြံမြို့ခံက ပြောပါတယ်။ အကုန်လုံး အမှုအကုန်လုံးကို မကြူအပေါ်ကို အကုန်ပုံချတယ်။" ဒီကိစ္စမှာ မြို့နယ်မထသဘဏ္ဍာရေးမှူး ဦးရှိန်က ကျပ်သိန်း ၂၀၀ စိုက်လျော်ပေးပြီး မထသနဲ့ပတ်သက်တဲ့အမှု မလုပ်ဖို့ တားခဲ့သေးပေမယ့် မြို့နယ်အာဏာပိုင်တွေထက် လက်စောင်းထက်နေတဲ့ ဦးလှသန်းကိုမုန်းတီးလို့ မြို့နယ်'မယက'အဖွဲ့က တရားစွဲဖို့ အလုပ်သမားတွေကို တိုက်တွန်းလိုက်တာကြောင့် တရားစွဲတဲ့အခြေဆိုက်သွားတာလို့ အလုပ်သမားတွေနဲ့နီး စပ်သူတွေက ပြောပါတယ်။

ဦးလှသန်းလည်း အမှုရင်ဆိုင်နေရမယ့်အခြေအနေဖြစ်နေပေမယ့် ဒီအမှုကနေလွတ်အောင် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေတယ်လို့ မြင်းခြံဒေသခံတဦးက ပြောပါတယ်။ မကြူက ကျပ်သိန်းရာချီပြီး ချဲထိုးခဲ့ကြောင်း မြင်းခြံက ချဲဒိုင်တွေ၊ နှစ်လုံးထီသမားတွေဆီကသက်သေရအောင် ဦးလှသန်းက လိုက်လုပ်နေတယ် လို့ ချဲသမားလောကမှာ ပြောဆိုနေကြကြောင်း မြင်းခြံမြို့ခံက ပြောပါတယ်။ အဲဒီလိုသက်သေလုပ်ရင် ပတ်လာမယ့်အန္တရာယ်ရှိတာမို့ငြင်းကြပေမယ့် မလုပ်ပေးရင် ချဲထီရောင်းခွင့် အပိတ်ခံရမယ်လို့ ဦးလှသန်းက ခြိမ်းခြောက်အကျပ်ကိုင်နေတယ်လို့ ချဲဒိုင်နဲ့နီးစပ်သူတွေက ပြောပါတယ်။

အဖွဲ့ချုပ်ဗ ဟိုကို ရေနံချောင်းကတောင်းဆို

DVB ၊ ဒီဇင်ဘာ ၁ ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပိုပြီးအားကောင်းဘို့အတွက် ဗဟိုနဲ့ပြည်နယ်၊ တိုင်းနဲ့မြို့နယ်အသီးသီးတို့ ထိတွေ့ပူးပေါင်းလုပ်ဆောင်ဘို့ အဖွဲ့ချုပ်ဗဟိုကို အဖွဲ့ချုပ် (ရေနံချောင်းမြို့နယ်) က တောင်းဆိုပါတယ်။

ဒီနေ့ အဖွဲ့ချုပ် (ရေနံချောင်းမြို့နယ်) လပတ်အစည်းအဝေးမှာ အဲဒီလို တောင်းဆိုကြောင်းအပါအဝင် အဓိကဆုံးဖြတ်ချက် ၃ ခုချမှတ်တယ်လို့ ရေနံချောင်းမြို့နယ် ပါတီစည်းရုံးရေးအဖွဲ့ဝင် ဦးတင့်လွင်ကပြောပါတယ်။ ဆုံးဖြတ်ချက်နောက် ၂ ချက်ကတော့ အဖွဲ့ချုပ် (မကွေးတိုင်း) အစည်းအဝေးကို ပြန်လည်ခေါ်ယူကျင်းပဘို့နဲ့ အဖွဲ့ချုပ် (မကွေးတိုင်း) လုပ်ငန်းတွေကို တိုင်းစည်းရုံးရေး အဖွဲ့က ပိုပြီးစနစ်တကျဆောင်ရွက်ဖို့တို့ဖြစ်ပါတယ်။

ဒ့ါအပြင် နိုင်ငံရေးအကျဉ်းသားတွေကို စစ်အစိုးရကနှစ်ရှည်ထောင်ဒဏ်ချနေတဲ့အချိန်မှာ အဖွဲ့ချုပ်အနေနဲ့ စည်းစည်းလုံးလုံးရှိသင့်တယ်လို့လည်း စည်းရုံးရေးအဖွဲ့ဝင် ဦးတင့်လွင်ကပြောဆိုသွားပါတယ်။

စာမျက်နှာ ၅ မှ

"သူက ဘာအပြစ်မှလည်းမရှိဘဲနဲ့ လူငယ်တယောက်ကို မတရားထောင်ချခြင်းကို နိုင်ငံတကာက မတရားဘူးလို့အသိအမှတ်ပြုလိုက်တဲ့သဘောလို့ ကျနော်မြင်ပါတယ်၊ သူ့အတွက်တော့ ဂုဏ်ယူပါတယ်"

ကိုနေဖုန်းလတ်ရဲ့မိခင်ဖြစ်သူကတော့ ကိုနေဖုန်းလတ်တည်ရှိရာ ကရင်ပြည်နယ် ဘားအံမြို့ကထောင်ကိုအသွား လမ်းမှာပဲရှိသေးတာကြောင့် ဒီသတင်းကိုမသိရသေးဘူးလို့ဆိုပါတယ်။

သတင်းပြက္ခဒိန်မှ

ကော်မတီ CPJ မှ ၂၀၀၈ နှစ်ချုပ်ဇယားမှ ဆို၏။ တရုတ်သည် ၂၈ ဦးဖြင့် ပထမ၊ ကျူးဘားသည် ၂၁ ဦးဖမ်းထားခြင်းအားဖြင့် ဒုတိယအဆိုးဆုံးဖြစ်၏။

ဒီဇင်ဘာ ၅ ၊ DVB ။ ။ ရွှေလီဖက်တွင် နယ်စပ်ခြံစည်းရိုးတံတိုင်းများ တရုတ်ဘက်မှကာနေရာ၊ မူးယစ်ဆေးဝါးကိစ္စပါနိုင်သော်လည်း အခြားရည်ရွယ်ချက်ရှိ မည်ဟုထင်၏။ အချို့မှာ ၂၀၁၀ နအဖရွေးကောက်ပွဲရလဒ်နောက်ဆက်တွဲ (နိုင်ငံရေး၊ စီးပွားရေး၊ လက်နက်ရေး)ဖြစ်ပေါ်နိုင်ချေအတွက် ကြိုတင်ပြင်ဆင်ချက်ဖြစ်နိုင်ကြောင်း။

ဒီဇင်ဘာ ၅ ၊ DVB ။ ။ ဦးဝင်းတင်နှင့် ဦးခင်မောင်ဆွေတို့အား CRPP အဖွဲ့ဝင်အဖြစ် ဒီဇင်ဘာ ၄ ရက်နေ့တွင် အစည်းအဝေး၌ လက်ခံခဲ့ကြောင်း။

ဒီဇင်ဘာ ၅ ၊ AFP ။ ။ ဒေါ်အောင်ဆန်းစုကြည်အား သူမ၏ ဆရာဝန်ဦးတင်မျိုးဝင်းနှင့် လက်ထောက်တဦးတို့သည် ဒီဇင်ဘာ ၄ ရက်နေ့တွင် တွေ့ ဆုံခဲ့ကြောင်း။

မြန်မာ့ AIDS အိန္ဒိယသို့ကူးစက်

DVB ၊ ဒီဇင်ဘာ ၁ ။ ။ မြန်မာနိုင်ငံဘက်ကနေအလွယ်တကူဝင်ရောက်နေတဲ့ မူးယစ်ဆေးတွေကြောင့် အိန္ဒိယအရှေ့မြောက်ဒေသကပြည်နယ်တွေမှာ HIV/AIDS ပျံ့နှံ့နေတယ်လို့ အိန္ဒိယအခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးရုံး UNODC က သတင်းထုတ်ပြန်ပါတယ်။

အဲဒီဒေသမှာ အထူးသဖြင့် မြန်မာနဲ့နယ်နိမိတ်ချင်းထိစပ်နေတဲ့ မဏိပူရ ကသည်းပြည်နယ်နဲ့ နာဂလန်းပြည်နယ်တို့မှာ သွေးကြောထဲ မူးယစ်ဆေးထိုးသူတွေ တဖြည်းဖြည်းများလာပြီး HIV/AIDS ရောဂါလည်း ပိုပြီးပြန့်ပွားလာတယ်လို့ UNODC က မကြာသေးမီကထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

“အိန္ဒိယပိုင် မဏိပူရ ကသည်းပြည်နယ်နဲ့ မြန်မာနယ်စပ်ကို တင်းတင်းကျပ်ကျပ်ပိတ်ဆို့ထားတာမရှိပါဘူး၊ ဒါကြောင့် ရွှေတြိဂံဒေသကမူးယစ်ဆေးဝါးတွေ မြန်မာပြည်ကိုဖြတ်ပြီး အိန္ဒိယပိုင် မိုရေးမြို့ကို အလွယ်တကူသယ်နိုင်ပါတယ်၊ ဒါကြောင့် AIDS ဖြစ်ပွားတဲ့အချိုးအစားကလည်း မြန်မာနိုင်ငံနဲ့နယ်နိမိတ်ချင်းထိစပ်နေတဲ့ ထာရာချန်ဘူနဲ့ မိုရေးမြို့တို့မှာ အမြင့်မားဆုံးဖြစ်နေပါတယ်” လို့ အိန္ဒိယအခြေစိုက် AIDS တိုက်ဖျက်ရေးအဖွဲ့ AIDS ကွန်ဆိုတီယံအဖွဲ့ အထွေထွေအတွင်းရေးမှူး မစ္စတာရာခူမိနီဆင်းကပြောပါတယ်။ အခုတော့ မဏိပူရပြည်နယ်မှာ AIDS ပျံ့နှံ့မှုဟာ မူးယစ်ဆေးဝါးကြောင့်ထက် လိင်မှုကိစ္စကြောင့်ဖြစ်တာကပိုများနေတာလို့ မဏိပူကသည်းလူမျိုးဖြစ်တဲ့ ရာခူမိနီဆင်းကပြောပါတယ်။

“အခုတော့ AIDS ရောဂါ မူးယစ်ဆေးဝါးကြောင့်ဖြစ်ပွားနှုန်းက ကျဆင်းသွားပါပြီ၊ ဒါပေမဲ့ မဏိပူရပြည်နယ်မှာတော့ AIDS ရောဂါဖြစ်ပွားနှုန်းက ပြည့်တန်ဆာတွေကြောင့် ဆက်ပြီးမြင့်မားနေတာပါ”

မြန်မာနဲ့နယ်စပ်ကုန်သွယ်ရေးလုပ်နေတဲ့ မဏိပူရ ကသည်းပြည်နယ် ဟာ လူဦးရေ ၂ သန်းကျော်ပဲရှိပေမယ့် HIV/AIDS ဖြစ်ပွားနှုန်း မြင့်မားလွန်း ပြီး တရားဝင်စာရင်းအရ ၂ သောင်းကျော်ပါတယ်။ အမှန်တကယ်ဖြစ်ပွားနေတဲ့ နှုန်းကတော့ ဒါထက်များနိုင်တယ်လို့ ဆေးပညာရှင်တွေကခန့်မှန်းပါတယ်။

ထိုင်းအာဏာရပါတီကို ဖျက်သိမ်းမိန့် ထုတ်ပြန်

DVB၊ ဒီဇင်ဘာ ၂။။ ဘန်ကောက်မှာရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက လက်ရှိအာဏာရပါတီဖြစ်တဲ့ People Power Party ကို ဖျက်သိမ်းလိုက်ပြီး ထိုင်းဝန်ကြီးချုပ် ဆွန်ချိုင်းဝေါဆာယဝပ်နဲ့ ပါတီအလုပ်အမှုဆောင်တွေအပါအဝင်၂၇ ဦးကို ၅ နှစ်အတွင်း နိုင်ငံရေးမလုပ်ရလို့ဆုံးဖြတ်လိုက်ပါတယ်။

ရွေးကောက်ပွဲတုန်းက မသမာမှုတွေရှိတယ်ဆိုတဲ့စွဲချက်နဲ့ ပတ်သက်ပြီး တရားရုံးဆုံးဖြတ်ချက်ကို လက်ခံတယ်လို့ ချင်းမိုင်ကိုရောက်နေတဲ့ ဝန်ကြီးချုပ်က သတင်းထောက်တွေကို ပြောပါတယ်။

ဒီဆုံးဖြတ်ချက်ကို ဘန်ကောက်က လေဆိပ် ၂ ခုကို သိမ်းပိုက်ထားတဲ့ အစိုးရဆန့်ကျင်ရေးဆန္ဒပြသူတွေက ကြိုဆိုလိုက်ပေမဲ့ ထောက်ခံသူတွေကတော့ မကျေနပ်ကြဘူးဆိုတာကို ထုတ်ဖော်ပြသနေပါတယ်။

တရားရုံးဆုံးဖြတ်ချက်မှာ မရိုးသားတဲ့ နိုင်ငံရေးပါတီတွေကို ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကိုင်တွယ်အရေးယူတာလို့ပြောနေချိန်မှာ ရွေးကောက်ပွဲကော်မရှင်ဝင်ဟောင်းတွေက တရားရုံးဟာ နိုင်ငံရေးမှာ ပါဝင်ပတ်သက်လွန်းနေပြီလို့ ဝေဖန်ကြပါတယ်။

ထိုင်းဝန်ကြီးချုပ်ဟောင်းတပ်ခ်ိစင်ရာထူးပြုတ်တုန်းကလည်း ဒီတရားရုံးကပဲ မစ္စတာတပ်ခ်ိစင်ရဲ့ Thai Rak Thai ပါတီကို ဖျက်သိမ်းခဲ့ဘူးပါတယ်။ အဲဒီနောက်ရွေးကောက်ပွဲဖြစ်လာပြီး ဝန်ကြီးချုပ်ဆာမက်ဆွန်ဒရာဝက်တက်လာပါတယ်။ သူလည်း အမှုရင်ဆိုင်ရပြီးရာထူးကနေ ဖယ်ရှားခံခဲ့ရပါတယ်။

အပိတ်ခံထားရတဲ့ဂျာနယ် ပြန်ထွက်

NEJ ၊ ဒီဇင်ဘာ ၃ ။ ။ စစ်အုပ်စု စာပေစိစစ်ရေးရဲ့ ၂ လကြာအပိတ်ခံထား ရတဲ့ True News ဂျာနယ် အတွဲအမှတ် ၁၈ ကို ဒီဇင်ဘာ ၂ ရက်ကပြန်လည်ထုတ်ဝေတာကိုတွေ့ရသော်လည်း တလအပိတ်ခံထားရတဲ့ Action Times ဂျာနယ်ကတော့ ၂ လကျော်တဲ့အထိ ပြန်လည်ထုတ်နိုင်ခြင်းမရှိသေးပါဘူး။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး Action Times ဂျာနယ်မှာလုပ်ကိုင်နေသူ တဦးကိုမေးကြည့်ရာ အခုလိုပြောပြပါတယ်။

“ကျနော်တို့ရပ်ထားတာ ၄ ပတ်၊ တလပြည့်တဲ့အခါ စာပေစိစစ်ရေးက ပြန်ထုတ်ဘို့ညွှန်ကြားပါတယ်၊ ဒါပေမဲ့ ကျနော်တို့ဘက်က အခက်အခဲအမျိုးမျိုးကြောင့် ခုချိန်ထိပြန်ထုတ်ဝေနိုင်ခြင်းမရှိသေးပါဘူး”

ဂျာနယ်တစောင်ရပ်ထားချိန်မှာ ဝန်ထမ်းလစာအပါအဝင် အထွေထွေစရိတ်များစွာရှိကြောင်း၊ စာပေစိစစ်ရေးမှပိတ်လိုက်တဲ့အတွက် နာမည်ပျက်စာရင်းသွင်းလိုက်သကဲ့သို့ဖြစ်သွားကာ အချို့ဝန်ထမ်းများထွက်ကုန်ပြီး ဂျာနယ်တိုက်လည်းမတည်မငြိမ်ဖြစ်သွားကြောင်း ကြော်ငြာရှင်များ၊ ဖြန့်ချိရေးသမားများနဲ့ရှင်းရတဲ့ကိစ္စများလည်းရှိကြောင်း၊ ဂျာနယ်အနေနဲ့ စာဖတ်သူများအကြား နာမည်ပေါက်ရန်ကြိုးစားနေဆဲကလာမှာ အပိတ်ခံလိုက်ရပြီး အခုလိုပြန်ထွက်တဲ့အခါ အသစ်လိုပြန်ဖြစ်သွားပြီး ပြန်လည်ကြိုးစားအားထုတ်ရမှာဖြစ်ကြောင်း ရှင်းပြပါတယ်။

True News နဲ့ Action Times ဂျာနယ်နှစ်စောင်ကို ပြီးခဲ့တဲ့နှစ်လကျော်ကစပြီး စာပေစိစစ်ရေးက ထုတ်ဝေခွင့်ရပ်စဲခဲ့တာဖြစ်ပါတယ်။ ဘာကိစ္စကြောင့် အဲဒီဂျာနယ်နှစ်စောင်ကိုပိတ်တယ်ဆိုတာကို စာပေစိစစ်ရေးမှ ဖော်ပြခဲ့ခြင်းမရှိ ဘဲ ပိတ်ဖို့သာညွှန်ကြားခဲ့ခြင်းဖြစ်ပါတယ်။

ဂျာနယ်တိုက်များမှ အကြောင်းပြချက်တောင်းပါက နောင်မှာ စာပေစိစစ်ရေးရဲ့ငြိုငြင်ခံရမှာစိုးရိမ်ရတဲ့အတွက် ခေါင်းငုံ့ခံနေရတယ်လို့လည်း အယ်ဒီတာများကပြောပါတယ်။ ဂျာနယ်တစောင်အပိတ်ခံရလို့ ပြင်ပမီဒီယာများက မေးမြန်းပါက နအဖမှ ပိုပြီးအငြိုးထားမှာကိုစိုးရိမ်ပြီး မဖြေကြားရန် သက်ဆိုင် ရာကတိုက်ပိုင်ရှင်များကိုညွှန်ကြားထားတယ်လို့လည်း စုံစမ်းသိရှိရပါတယ်။

စာမျက်နှာ ၇ မှ

တာကြောင့် လိုအပ်မယ်ထင်တဲ့ ပစ္စည်းတွေတော့ပေးထားခဲ့တယ်လို့ မငြိမ်းက ပြောပါတယ်။

“ဒီလောက်ဝေးဝေးလံလံ ခေါင်ခေါင်သီသီကြီးကို ပြောင်းမယ်မထင်ဘူး။ အခုက ထောင်အသစ်ဆိုတော့ အစ်မတို့ တောထဲအထိ သွားရမှာတဲ့၊ ဆိုင်ကယ်ကယ်ရီနဲ့ သွားရမှာတဲ့။”

ဇာဂနာ(ကိုသူရ)ကို ဝေးလံခေါင်ဖျား၊ ရာသီဥတုဆိုးရွားတဲ့အရပ်ရှိထောင်ကို ပို့လိုက်တဲ့လုပ် ရပ်ကြောင့် တလကို တကြိမ်လောက်ပဲ ထောင်ဝင်စာသွားတွေ့နိုင်တော့မှာဖြစ်လို့ အာဏာပိုင်တွေကတမင် ရည်ရွယ်ချက်ရှိရှိနှိပ်စက်တာပဲလို့လည်း မငြိမ်းက ပြောပါတယ်။

“ကိုသူရလည်း ဒုက္ခရောက်စေ၊ အမတို့လည်း ဒုက္ခရောက်စေပေ့ါ၊ အပြင်ကလူတွေလည်း ဒုက္ခရောက်စေပေ့ါ၊ ဒါမျိုးလုပ်တာပေ့ါ၊ အဲဒါကြောင့်မို့လို့ တကယ်လို့ တခုခုဖြစ်ခဲ့ရင်လည်း ကျမကတော့ ကျမအစ်ကိုအတွက် ဂုဏ်ယူပါတယ်။ သူရဲကောင်းတယောက် ထပ်ပေါ်လာတာပေ့ါလို့။”

နာဂစ်လေဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ ကိုဇာဂနာကို အာဏာပိုင်တွေက ဒီနှစ် ဇွန် မှာ ဖမ်းဆီးပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုထိခိုက်စေမှု၊ သာသနာတော်ညှိုးနွမ်းစေမှု၊ အီလက်ထရောနစ်ဥပဒေချိုးဖောက်မှု စတဲ့ ပုဒ်မ ၇ ခုနဲ့ တရားစွဲပြီး ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက အရင်လမှာ စုစုပေါင်း ထောင်ဒဏ် ၅၉ နှစ် ချမှတ်ခဲ့တာဖြစ်ပါတယ်။

သတင်းတိုထွေဖတ်စရာကဏ္ဍ ကျော်ဝံကွေး

၂၀၁၀ ကိစ္စ အဲန်အဲလ်ဒီဆွေးနွေး

နအဖကကျင်းပမယ်ဆိုတဲ့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အဲန်အဲလ်ဒီထဲမှာ ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။ ရွေးကောက်ပွဲမှာ ပါဝင်မလား မဝင်ဘူးလားဆိုတာ မဆုံးဖြတ်သေးပေမဲ့ လောလောဆယ်မှာတော့ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၂ ရက်နေ့ကထုတ်ပြန်ထားတဲ့ကြေညာချက်အတိုင်း ရပ်တည်သွားမယ်လို့ သိရပါတယ်။ **(IRRAWADDY, 2.12.2008)**

ညျူကလီယားအကူအညီ

မြန်မာစစ်အာဏာပိုင်တွေဟာ ညျူကလီယားတိုးတက်ရရှိရေးအတွက် ရုရှားနဲ့ မြောက်ကိုရီးယားကို အကူအညီရယူနေခဲ့တယ်ဆိုတဲ့သတင်းတွေဟာ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်လာနေခဲ့ပါတယ်။ သတင်းအတိအကျကို အတည်ပြုနိုင်ခြင်းမရှိသေးပေမဲ့ အရှေ့တောင်အာရှသံတမန်လောကဟာ ဒီကိစ္စကို စုံစမ်းလေ့လာနေခဲ့တယ်လို့ သိရပါတယ်။ မြောက်ကိုရီးယားနဲ့ နအဖတို့ကြားမှာ ဆက်ဆံရေးတိုးမြှင့်လာခဲ့တာက ညျူကလီယားအရေးကို အလေးထားစောင့်ကြည့်ဖို့ရာ လိုအပ်လာနေပါပြီ။ **(YALE GLOBAL, 3.12.2008)**

ဒေါ်စုကျန်းမာရေးစစ်ဆေးခံ

ဒေါ်အောင်ဆန်းစုကြည်ရဲ့မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းဟာ ကြာသပတေးနေ့က သူမရဲ့နေအိမ်သို့သွားရောက်ပြီး ဆေးစစ်ဆေးမှုတွေပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ မျက်မြင်သက်သေတွေက ဆရာဝန် နေအိမ်တွင်းဝင်သွားတာ ၄ နာရီလောက်ကြာတယ်လို့ ဆိုပါတယ်။ **(VOA, 5.12.2008)**

AIDS တိုက်ဖျက်ရေးကျယ်ကျယ်ပြန့်ပြန့်လုပ်

စစ်အစိုးရအနေနဲ့ HIV/AIDS တိုက်ဖျက်ရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မိတ္ထီလာခရိုင်) က တိုက်တွန်းတောင်းဆိုပါတယ်။ ဒီနေ့ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နဲ့ တရက်တည်းကျရောက်တဲ့ ခရိုင်လပတ်အစည်းအဝေးမှာ တောင်းဆိုလိုက်တာပါ။ HIV/AIDS တိုက်ဖျက်ရေးလုပ်ငန်းဟာ အမျိုးသားရေးလုပ်ငန်းဖြစ်တာကြောင့် နိုင်ငံတော်အသုံးစရိတ်ကနေ တိုးမြှင့်သုံးစွဲဘို့နဲ့ အစိုးရမဟုတ်တဲ့ ပြင်ပအကူအညီပေးရေးအဖွဲ့အစည်းတွေကိုလည်း ပွင့် လင်းမြင်သာတဲ့၊ တာဝန်ခံမှုရှိတဲ့မူဝါဒကို နအဖကချမှတ်ပေးဘို့လည်း အဖွဲ့ချုပ် (မိတ္ထီလာခရိုင်) က တောင်းဆိုပါတယ်။ **(DVB, 1.12.2008)**

မြန်မာပြည်ကိုလာဘူးတဲ့ အိုဘားမားရဲ့အဖိုး

ရွေးချယ်ခံအမေရိကန်သမတ ဘားရက်အိုဘားမားရဲ့အဖိုးဟာ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံကို ရောက်ခဲ့ပြီး အင်္ဂလိပ်စစ်တပ်မှာ ထမင်းချက်အဖြစ် အလုပ်လုပ်ဘူးတယ်လို့ Times သတင်းစာထဲမှာ ဖော်ပြချက်အရ သိရပါတယ်။ **(MIZZIMA, 4.12.2008)**

ဦးဝင်းတင်ဆေးရုံတင်ရ

အသက် ၇၉ နှစ်ရှိနေပြီဖြစ်တဲ့ အဲန်အဲလ်ဒီရဲ့ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်ဟာ သွေးကျပြီး အသက်ရှူခက်လာတဲ့ဝေဒနာကြောင့် ကြာသပတေးနေ့က ရန်ကုန်ကဆေးရုံတရုံမှာ ဆေးကုသခံယူရတယ်လို့ သိရပါ တယ်။ **(DPA, 5.12.2008)**

စီးပွားမဖြစ်တဲ့ဓာတ်ငွေ့တွင်း

မုတ္တမပင်လယ်ကွေ့ထဲမှာ ဓာတ်ငွေ့ရှာဖွေရေးလုပ်နေတဲ့ထိုင်းအစိုးရပိုင်ဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းက ၄င်းတို့ရှာဖွေစမ်းသပ်ခဲ့တဲ့ ဓာတ်ငွေ့သိုက်တခု ဟာ စီးပွားဖြစ်ထုတ်လုပ်နိုင်အောင် ထွက်မှာမဟုတ်ဘူးလို့ ထုတ်ပြန်ကြေညာခဲ့ ပါတယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့စီစဉ်ထားတဲ့ ဒေါ်လာ ၂၇ သန်းကျော်ကိုလည်း မလုပ်တော့ဘူးလို့ သိရပါတယ်။ **(DOWN JONES, 4.12.2008)**

မြန်မာကျောင်းသားများအတွက်

ဟောင်ကောင်မှာရှိတဲ့ Polytechnic တက္ကသိုလ်က မြန်မာကျောင်းသား ၁၀ ယောက်အတွက် ပညာသင်ထောက်ပံ့ကြေးပေးမယ်လို့ သိရပါတယ်။ ၂၀၀၉ ခုနှစ် စက်တင်ဘာမှာစတင်မယ့်ပညာသင်နှစ်အတွက် ထောက်ပံ့ကြေးကို ၂၀၀၉ မတ်လ ၃၁ ရက်နောက်ဆုံးထားပြီးလျှောက်ရမှာဖြစ်ပါတယ်။ Hong Kong Polytechnic တက္ကသိုလ်ကို ၁၉၃၇ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပါတယ်။ **(XINHUA, 3.12.2008)**

နိုင်ငံခြားသို့ ဆန်ပိုမိုတင်ပို့ပါ

နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတွင်းမှာ စိုက်ပျိုးမြေ အလုံအလောက်ရှိတာမို့ စိုက်ပျိုးရေး လုပ်ငန်းနယ်ပယ်က လုပ်ငန်းရှင်တွေအနေနဲ့ ထုတ်ကုန်တွေကို ပိုမိုထုတ်နိုင်အောင်လုပ်ပြီး နိုင်ငံခြားကို ဆန်ပိုမိုတင်ပို့ဖို့လုပ်ဆောင်ကြဖို့ တိုက်တွန်းပြောဆိုတယ်လို့ သိရပါတယ်။ ဒ့ါအပြင် တခြားကုန်တွေကိုလည်း ပိုမိုတင်ပို့ဖို့ပြောပါသေးတယ်။ **(XINHUA, 1.12.2008)**

၂၀၁၀ ရွေးကောက်ပွဲအတွက်

နအဖက ၂၀၁၀ မှာ ရွေးကောက်ပွဲကျင်းပမယ်လို့ဆိုပေမဲ့လည်းအသေးစိတ်နဲ့ တခြားလိုအပ်ချက်တွေကို ထုတ်ပြန်ကြေညာတာမျိုးတွေမရှိသေးပါဘူး။ ဒါပေမဲ့လည်း နအဖရဲ့လက်ကိုင်တုတ် ကြံ့ဖွတ်အဖွဲ့ဝင်တွေနဲ့ အစိုးရအရာရှိတွေက ဒီနှစ်ကုန် ဒါမှမဟုတ် နောင်နှစ်ဆန်းမှာ ရွေးကောက်ပွဲဥပဒေသစ်ကို ထုတ်ပြန်ဖွယ်ရာရှိတယ်လို့ ပြောဆိုနေကြပါတယ်။ **(IRRAWADDY, 4.12.2008)**

သင်္ဘောသားမွမ်းမံသင်တန်း

မကြာသေးတဲ့သီတင်းပတ်တွေက ရေပိုင်နက်နယ်နိမိတ်အငြင်းပွားမှုတွေကြောင့် ဘင်္ဂလားဒေ့ရှ်နဲ့ နအဖရေတပ်တို့အကြား တင်းမာမှု တွေဖြစ်ပွားခဲ့ရာမှာ နအဖရဲ့ရေတပ်သားတွေဟာ ထိပ်တိုက်ရင်ဆိုင်မှုတွေမပြုနိုင်ခဲ့တဲ့အတွက် နအဖက အခုအခါ ရေတပ်သားတွေကို စစ်တွေနဲ့ ကျောက်ဖြူ ရေတပ်စခန်းတွေမှာ မွမ်းမံသင်တန်းတွေပေးနေပြီလို့ သိရပါတယ်။ **(NARINJARA, 5.12.2008)**

ပြည်ပမှပြန်လာသောလုပ်သားကောင်းများကို နအဖကကူညီမည်ပြောဆို

RFA ၊ ဒီဇင်ဘာ ၃ ။ ။ မြန်မာနိုင်ငံရဲ့စီးပွားရေးအခြေအနေဟာ ပြည်ပနိုင်ငံတွေကိုအလုပ်သွားလုပ်ရာကနေ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် နေရပ်ကိုပြန်ရောက်လာကြတဲ့ မြန်မာနိုင်ငံသားတွေအတွက် အလုပ်အကိုင် အကူအညီအထောက်အပံ့တွေ ကူညီဆောင်ရွက်ပေးဘို့အသင့်ရှိနေကြောင်း နအဖဝန်ကြီးချုပ်သိန်းစိန်ကပြောပါတယ်။

နေပြည်တော်မှာကျင်းပတဲ့ ဗိုလ်ချုပ်သိန်းစိန်နဲ့ ဝန်ကြီးအဖွဲ့ဝင်တွေ၊ နအဖအရာရှိတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေတွေ့ဆုံဆွေးနွေးပွဲက ဗိုလ်သိန်းစိန်ရဲ့ပြောကြားချက်တွေကို ကြေးမုံနဲ့မြန်မာ့အလင်းသတင်းစာတွေမှာ ဖော်ပြထားတာကိုတွေ့ရပါတယ်။ အခုလို နအဖစစ်အုပ်စုဆီကနေ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းပြဿနာဟာ မြန်မာနိုင်ငံအပေါ် ဘယ်လိုသက်ရောက်မှုရှိနိုင်တယ်ဆိုတာနဲ့ပတ်သက်ပြီးပြောဆိုချက်ဟာ ဒါဟာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။

မြန်မာနိုင်ငံကနေ ပြည်ပတိုင်းပြည်တွေကိုတရားဝင်စေလွှတ်ခဲ့တဲ့ အလုပ်သမား ၄၆၀၀၀ ကျော်ရှိနေကြောင်း၊ ဒါပေမဲ့ တရားမဝင်အလုပ်လုပ်နေတဲ့ မြန်မာနိုင်ငံသား ၂ သန်းကျော်မကရှိနေတာကို အဆိုပါနိုင်ငံများကထုတ်ပြန်တဲ့စာရင်းဇယားအရ ခန့်မှန်းသိရှိရကြောင်းကိုလည်း ဗိုလ်သိန်းစိန်ကပြောကြားခဲ့ကြောင်းလည်း သိရပါတယ်။

ဒီဇင်ဘာ ၁ ရက် တနင်္လာနေ့က ဗိုလ်သိန်းစိန်ရဲ့ပြောကြားချက်မှာ နိုင်ငံခြားတိုင်းပြည်တွေကိုသွားရောက်အလုပ်လုပ်ကိုင်ရာကနေ အလုပ်အကိုင်အခွင့်အလမ်းကြောင့် နေရပ်ပြန်လာကြသူတွေကို လယ်ယာစိုက်ပျိုးရေးကဏ္ဍတွေမှာ အလုပ်ပေးနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေနဲ့ ဆီအုန်းစိုက်ပျိုးရေးတွေ၊ ရာဘာစိုက်ခင်းတွေနဲ့ ကျွန်းစိုက်ခင်းလုပ်ငန်းတွေအတွက် အလုပ်သမား သိန်းသန်းချီလိုအပ်နေကြောင်း ဗိုလ်ချုပ်သိန်းစိန်ကပြောပါတယ်။

အခုလို ပြည်ပကနေ အလုပ်အကိုင်အခက်အခဲကြောင့်ပြန်လာသူတွေ ကို နအဖအနေနဲ့ လယ်ယာကဏ္ဍတွေမှာအလုပ်ပေးနိုင်ကြောင်း ဗိုလ်ချုပ်သိန်းစိန်ကပြောဆိုခဲ့တာနဲ့ပတ်သက်ပြီး သထုံမြို့နယ် မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB အတွင်းရေးမှူး ဦးခွန်မြင့်ထွန်းက အခုလိုမှတ်ချက်ပေးပါတယ်။

"ကျနော့အမြင်ကတော့ အခု နိုင်ငံခြားတွေကိုထွက်ပြီးအလုပ်လုပ်ကြတယ်ဆိုတာကိုက ဗမာပြည်မှာအလုပ်မရှိလို့ သွားပြီးတော့ နိုင်ငံခြားကိုထွက်ပြီးလုပ်ကြတာ၊ တကယ့်တကယ်တော့ နိုင်ငံရပ်ခြားမှာ သူများလက်ထဲမှာ မျက်နှာငယ်တယ်၊ လုံခြုံမှုလည်းကင်းမဲ့ကြတယ်၊ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဒုက္ခမျိုးစုံကိုရင်ဆိုင်ပြီး ပြည်ပမှာအလုပ်ထွက်လုပ်ကြတယ်ဆိုတာကိုက ကိုယ့်တိုင်းပြည်ထဲမှာ အလုပ်ကိုကမရှိလို့သွားကြတာ"

"ဒီနယ်စပ်မှာ ကျနော်တွေ့ရတဲ့လူတော်တော်များများက ဘာပြောသလဲဆိုတော့ အခု ထိုင်းမှာအလုပ်လုပ်လို့ ပိုက်ဆံနှစ်သိန်းရမယ်၊ ဒါပေမယ် လို့ဗမာပြည်ထဲမှာလုပ်လို့ ငါးသောင်းပဲရမယ်ဆိုရင် အဲဒီငါးသောင်းအလုပ်ကို သူတို့လုပ်ချင်တယ်၊ ဒါပေမဲ့ တကဲ့တကယ် ဘ၀ရပ်တည်ရေးအတွက်ကျတော့ တကယ်ငါးသောင်းတန်တဲ့အလုပ်ကိုက ဗမာပြည်ထဲမှာမရှိဘူး၊ နောက်တခုက ဗမာပြည်ထဲမှာ အခု ဒီနေ့လူတွေအလုပ်လုပ်နေကြရတာ အိမ်ထောင်ဦးစီးလုပ်တဲ့ဖခင်တယောက်ဆိုရင် သူ့မိသားစုအတွက်ကို ရှာပေးနိုင်တာမဟုတ်ဘူး၊ သူ့

စာမျက်နှာ ၁၇ သို့

ဇေယျာသော်နဲ့အဖွဲ့ကို နယ်ဝေးထောင်ပြောင်း

RFA ၊ ဒီဇင်ဘာ ၃ ။ ။ ပြစ်ဒဏ်စီရင်ပြီး နိုင်ငံရေးအကျဉ်းသားတွေကို အာဏာပိုင်တွေက အင်းစိန်ထောင်ကနေ နယ်ဝေးဒေသတွေကို ထောင်ပြောင်းရွှေ့နေရာမှာ ဒီဇင်ဘာ ၃ ရက် ဒီကနေ့မှာ ACID အကျဉ်းသားတွေဖြစ်တဲ့ မျိုးဆက်သစ်လူငယ်များအစည်းအရုံးက ကိုဇေယျာသော်အပါအဝင် အကျဉ်းသားတချို့ကို နယ်ဝေးထောင်တွေဆီပြောင်းရွှေ့ခဲ့တယ်လို့ သိရပါတယ်။

အဲဒီလိုပြောင်းရွှေ့ရာမှာ ကိုဇေယျာသော်ကို တနင်္သာရီတိုင်း ကော့သောင်းထောင်၊ ကိုအောင်ဇေဖြိုးကို ပဲခူးတိုင်း တောင်ငူထောင်၊ ကိုသီဟဝင်း တင်ကို မန္တလေးတိုင်း ညောင်ဦးထောင်၊ ကိုအာကာဗိုလ်ကို ရခိုင်ပြည်နယ် ကျောက်ဖြူထောင် အသီးသီးဆီကို ပြောင်းရွှေ့လိုက်ပါတယ်။ ကိုဇေယျာသော်ကော့သောင်းအကျဉ်းထောင်ပြောင်းရွှေ့ခံရတယ်ဆိုတာကို ဒီကနေ့ ထောင်ကိုသွားရောက်စုံစမ်းခဲ့ရာက သိခဲ့ရတယ်လို့ ကိုဇေယျာသော်ရဲ့အဒေါ်ဖြစ်သူ ဒေါ်ခင်သန်းဌေးက အခုလိုပြောပြပါတယ်။

"မနက်ဖြန် ကျမတို့က ထောင်ဝင်စာသွားတွေ့ဘို့ရှိတယ်၊ ထောင်ဝင်စာတွေ့မယ့်ရက်ပေါ့။ အစကတည်းက ကြာသပတေး၊ သောကြာ၊ စနေဆိုတော့ ကျမက ဒီနေ့ ပစ္စည်းတွေဝယ်ပို့ဘို့ သွားစုံစမ်းလိုက်တယ်၊ နက်ဖြန်ရှိသေးလား၊ မရှိတော့ဘူးလားဆိုတာ၊ အဲဒါ အင်းစိန်ထောင်ကိုစုံစမ်းလိုက်တော့ အင်းစိန်မှာမရှိတော့ဘူးတဲ့၊ ကော့သောင်းကိုပြောင်းလိုက်ပြီတဲ့၊ အဲဒီလိုပြောလိုက်တယ်၊ တရားဝင်ပြောတာ၊ ဂိတ်ကနေပြီးပြောတာ"

နိုင်ငံရေးအကျဉ်းသားတွေ နယ်ဝေးထောင်တွေကို အခုလိုပြောင်းနေတာကိုသိနေရပေမယ့် ကိုဇေယျာသော်တို့ကိုနယ်ပြောင်းတာသိရတော့ ဒီလောက်ဝေးလိမ့်မယ်မထင်ကြောင်း၊ မိသားစုနဲ့ဝေးတဲ့နေရာမို့ ကျန်းမာရေးကိုအထူးစိုးရိမ်ရကြောင်းလည်း ဒေါ်ခင်သန်းဌေးကပြောပါတယ်။

"သူတို့ကို ဒီလောက်အဝေးကြီးပို့လိမ့်မယ်မထင်ဘူး၊ သူတို့လည်း ဒီလောက်ကြီး ကြီးကြီးမားမား ဘာပြစ်မှုမှကျူးလွန်ထားတာမဟုတ်ဘူး၊ အဲဒီလောက်အဝေးကြီးရောက်သွားတော့ ဘယ်လိုလိုက်ရမလဲဆိုတာ စဉ်းစားနေရတာပေါ့၊ သွားရေးလာရေးခက်တာပေါ့၊ ရန်ကုန်နဲ့စာရင် ဟိုးအောက်ဆုံးအထိရောက်သွားတယ်ဆိုတော့ ကျန်းမာရေးနဲ့ပတ်သက်လို့ သူက ငယ်ငယ်လေးကတည်းက ငှက်ဖျားအခံရှိထားတယ်၊ သူက ငယ်ငယ်တုန်းက မိဘတွေနဲ့နယ်တွေမှာလိုက်နေဘူးတော့လေ၊ ဆိုတော့ အခုက အဲဒီဘက်ဒေသတွေမှာ ငှက်ဖျားတွေပေါတယ်ပြောတယ်၊ စိတ်ပူတယ် သူ့ကို"။

စာမျက်နှာ ၁၀ မှ

'ခုတွေ့နေရတဲ့စီးပွါးရေးကပ်နဲ့ ထွက်ပေါက်ကိုပြောပြပါဦးဆရာ'

"လီနင်လက်ထက်မှာလည်း ဆိုရှယ်လစ်စီးပွါးရေးစနစ်လုပ်ရင်းက အကျပ်အတည်းတွေတွေ့လာပါတယ်၊ ဒီအခါမှာမောင်ချစ်ဖူးရေ၊ လီနင်အပါအဝင်ပေါ့ကွယ် NEP (new economic plan) ကိုချမှတ်ပါတယ်၊ NEP ဟာ ဆိုရှယ်လစ်မဟုတ်ကြောင်းကို နောက်ပိုင်းခေါင်းဆောင်တွေက ခပ်လုံးလုံးနဲ့ဖုံးခဲ့ကြပါတယ်၊ တခါ တရုတ်ပြည် 'တိန်ရှော်ပင်' လက်ထက်မှာ တရုတ်တွေလည်း စားနိုင်သောက်နိုင်ပါစေ၊ အချို့လည်း ချမ်းသာကြပါစေဆိုပြီး ခုလိုချမှတ်တဲ့ဈေးကွက်စီးပွါးရေး (market economy) စနစ်ဟာလည်း ဆိုရှယ်လစ်စီးပွါးရေးစနစ်မဟုတ်ကြောင်းကို ဝန်မခံကြပါဘူးကွယ်"

'ဆရာပြောတာကို ကျနော်နားလည်ပါပြီဆရာ၊ NEP ပဲဖြစ်ဖြစ်၊ market economy ပဲဖြစ်ဖြစ်၊ အရင်းရှင်စနစ်မြစ်ကြောင်းထဲစီးဆင်းနေရင်းက ခုလိုလမ်းတွေပိတ်ဆို့သွားပြီး သွားမရ လာမရ ရပ်တန့်ကုန်ပြီဆိုတော့ဆရာရယ်'

"မားဒေါက်ကတော့ ဘုရားသခင်လမ်းဖြစ်တဲ့ New World order လမ်းတဲ့၊ တချို့ကတော့ New deal နဲ့ စီးပွါးရေးလမ်းသစ် New economic order တဲ့၊ ဒို့ကတော့ကွယ် နိုဘဲလ်ဆုရစီးပွါးရေးပညာရှင်တွေနဲ့ G-7 အစည်းအဝေးမှာ ဘာတွေဆုံးဖြတ်ကြမယ်ဆိုတာ စောင့်ကြည့်ကြဘို့ပေါ့မောင်ချစ်ဖူး"

ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်စစ်ခေါင်းဆောင်များနှင့်သွားရောက်ဆွေးနွေး

RFA ၊ ဒီဇင်ဘာ ၂ ။ ။ မြန်မာစစ်အစိုးရကာကွယ်ရေးဝန်ကြီးဌာနက ကြည်း ရေလေပူးတွဲစစ်ဆင်ရေးမှူးချုပ်ဖြစ်တဲ့ ဗိုလ်ချုပ်ကြီးသူရရွှေမန်းဟာ တရုတ်စစ် ဘက်ခေါင်းဆောင်တွေနဲ့တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုပြီးခိုင်မာဖို့ ဆွေး နွေးခဲ့တယ်လို့သိရပါတယ်။

ဗိုလ်ချုပ်ကြီးရွှေမန်းဟာ နိုဝင်ဘာလကုန်ကစပြီး တရုတ်နိုင်ငံကို ချစ် ကြည်ရေးခရီးရောက်နေတာဖြစ်ပြီး ဒီဇင်ဘာ ၁ ရက်နေ့ ယမန်နေ့က တရုတ် အစိုးရကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလျံဂေါင်းဂီနဲ့တွေ့ဆုံခဲ့ပြီး နိုဝင် ဘာ ၂၉ ရက်နေ့ကလည်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က စစ် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချန်ဘင်ဒီနဲ့တွေ့ဆုံခဲ့ပါတယ်။

တရုတ်အစိုးရမီဒီယာတွေမှာ ဗိုလ်ချုပ်ကြီးရွှေမန်းရဲ့ခရီးစဉ်ကို တရား ဝင်ဖော်ပြကြေညာပေမယ့် မြန်မာအစိုးရသတင်းမီဒီယာတွေမှာတော့ တရား ဝင်ဖော်ပြထားတာမရှိတဲ့အတွက် လျှို့ဝှက်ခရီးစဉ်တခုလို့ မြန်မာ့စစ်ရေးလေ့ လာသူတွေကပြောကြပါတယ်။

တရုတ်–မြန်မာနယ်စပ်က မြန်မာ့စစ်ရေး၊ နိုင်ငံရေးလေ့လာသူတဦးဖြစ် တဲ့ ဦးအောင်ကျော်ဇောကတော့ အခုလိုမှတ်ချက်ချပါတယ်။

“ဗမာပြည်ဘက်ကဆိုရင် လျှို့ဝှက်ခရီးလိုဖြစ်တယ်၊ အောက်တိုဘာလ တုန်းက နေပြည်တော်အထိ တရုတ်ပြည်ရဲ့စစ်ဦးစီးချုပ်ကသွားတယ်၊ ဗိုလ်သန်း ရွှေနဲ့လည်းတွေ့တယ်၊ ဗိုလ်ရွှေမန်းနဲ့လည်းတွေ့တယ်၊ အဲဒီတုန်းကတည်းက ဗိုလ် ရွှေမန်းဒီအချိန်လာဖို့အစီအစဉ်ရှိတယ်လို့ ကျနော်တို့သိရတယ်၊ ဒါကြောင့်မို့ တရုတ်ပြည်က ပွင့်ပွင့်လင်းလင်းပဲ သူတို့ကဖော်ပြနေတာ၊ တရုတ်နဲ့နိုင်ငံတော် မှာလည်း သူတို့နဲ့ရင်းနှီးတဲ့ဆက်ဆံမှုက ပိုပြီးများတယ်ဆိုတာကို ဖော်ပြချင် တဲ့သဘောမျိုးဖော်ပြတယ်၊ ဗမာအစိုးရကတော့ တိုးတိုးတိတ်တိတ်လုပ်တဲ့ သဘောတွေပါတယ်၊ ဘယ်သူတွေပါသွားသလဲဆိုတာ ကျနော်မကြားဘူး၊ သွား တာလည်း မကြေညာဘူး၊ ခုထက်ထိမကြေညာသေးဘူး၊ အဲဒီတော့ ဗမာအစိုးရ ဘက်ကကြည့်မယ်ဆိုရင် ဒါကိုတတ်နိုင်သမျှ လျှို့လျှို့ဝှက်ဝှက်သွားချင်တဲ့ သဘောမျိုးဖြစ်တယ်၊ ဒါပေမဲ့ တရုတ်ပြည်ကတော့ ဒီသဘောမျိုးမဟုတ်ဘူး၊ ဒီဟာကို ပွင့်ပွင့်လင်းလင်းထုတ်ပြပြီး သူ့အတွက်အကျိုးရှိမယ့်ကိစ္စတွေကို ဆောင်ရွက်ဖို့ဖြစ်တယ်”

ဗိုလ်ချုပ်ကြီးရွှေမန်းနဲ့ တရုတ်စစ်ဦးစီးချုပ်တွေ့ဆုံရာမှာ စစ်ရေးပူးပေါင်း ဆောင်ရွက်မှုနဲ့အတူ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက် ရေးတွေအတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ဖို့ တရုတ်စစ်ဦးစီးချုပ်က ပြောကြားခဲ့တယ်လို့ တရုတ်နိုင်ငံအစိုးရသတင်းတွေမှာဖော်ပြပါတယ်။

တရုတ်–မြန်မာအကြား ၂ နိုင်ငံချင်းမှာရော နိုင်ငံတကာရေးရာမှာပါ အဓိကအကျိုးစီးပွါးကိစ္စရပ်တွေမှာ ရပ်တည်ချက်ခိုင်ခိုင်မာမာနဲ့ရပ်တည်ခဲ့တာ တွေကိုလည်း ပြောဆိုခဲ့တယ်လို့သိရပါတယ်။ တရုတ်နိုင်ငံရဲ့ တနိုင်ငံ စနစ် ၂ ခု မူဝါဒကို မြန်မာကအမြဲပံ့ပိုးခဲ့တာကို တရုတ်နိုင်ငံက အသိအမှတ်ပြုတန်ဖိုးထား ကြောင်း တရုတ်စစ်ဦးစီးချုပ်က ဒီခရီးစဉ်မှာပြောကြားခဲ့တယ်လို့ သိရပါတယ်။

အမှုမှန်ပေါ်ပေါက်ရေးကြိုးပမ်း

DVB ၊ နိုဝင်ဘာ ၃၀ ။ ။ ကရင်ပြည်နယ် ကော့ပိန်းရွာကျောင်းတိုက်က ကျောင်းထိုင်ဆရာတော် ဦးပီယသိပ္ပံကို သာသနာညှိုးနွမ်းစေမှုနဲ့ အာဏာပိုင် တွေက စွပ်စွဲအမှုဆင် ထောင်ဒဏ်ချလိုက်တဲ့အမှုကို အမှုမှန်ဖော်ထုတ် ဖို့ကြိုး စားနေတယ်လို့ လမ်းပြကြယ်အဖွဲ့ ရွှေနေဦးအေးမြင့်ကပြောပါတယ်။

လူသတ်မှုနဲ့ထောင်ကျဘူးတဲ့ ပခုက္ကူရေစကြိုသား ဒုလ္လဘရဟန်း ဦးရေ ဝတ၊ ရေစကြိုသား သိန်းထွန်း၊ ကော့ပိန်းရွာသား အဘိတို့ ပူးပေါင်းပြီး သူတို့ရဲ့ ဇနီးသုံးဦးစလုံးကို ဦးပီယသိပ္ပံက ခိုးယူပေါင်းသင်းခဲ့တယ်ဆိုပြီး ပဲခူးတရားရုံးကို တိုင်တန်းတယ်လို့ ဦးအေးမြင့်ကပြောပါတယ်။ တိုင်တန်းမှုကို ပဲခူးမြို့တရားရုံးမှာ ခုခံချေပဖို့ ဦးပီယသိပ္ပံက စက်တင်ဘာ ၃၀ ရက်မှာ ပဲခူးမြို့ကိုကြွရောက်စဉ် ဦးရေဝတ၊ အဘိနဲ့ သိန်းထွန်းတို့က ရိုက်နှက်ဖမ်းဆီးပြီး သံဃာ့နာယကအဖွဲ့ထံပို့ ပြီး အရေးယူနိုင်ဖို့လုပ်တယ်လို့သိရကြောင်း ဦးအေးမြင့်ကရှင်းပြပါတယ်။ ဦးပီယသိပ္ပံကို ကော့ကရိတ်တရားရုံး တရားသူကြီး ဦးကြည်စိုး က ပုဒ်မ ၂၉၅ သာသနာညှိုးနွမ်းစေမှုနဲ့ ထောင်ဒဏ် ၂ နှစ် စီရင် ချက်ချလိုက်ပါတယ်။

သက်တော် ၅၅ နှစ် ဝါတော် ၃၅ ဝါရှိပြီဖြစ်တဲ့ ဦးပီယသိပ္ပံဟာ ရိုက် နှက်ခံရတဲ့ဒဏ်ရာအပြင် နှလုံးသွေးကြောပိတ်ရောဂါအခံတို့ကြောင့် တောင် လေးအကျဉ်းစခန်းမှာ ပြီးခဲ့တဲ့အောက်တိုဘာမှာတုန်းက ခြေမတဖက်ဖြတ်လိုက် ရတယ်လို့ ဒေသခံဒကာတွေကပြောပါတယ်။ အဲဒီဒကာတွေက ဆရာတော် အတွက်စိတ်မကောင်းဖြစ်ပြီး ရွှေနေဦးအေးမြင့်ကို အကူအညီတောင်းကြတာ လို့လည်း ပြောကြပါတယ်။ ပဲခူးမြို့သံဃာ့နာယကအဖွဲ့အတွင်းရေးမှူးဟာ ရဟန်း အစစ်အမှန်ကိုအကာအကွယ်ပေးရမယ့်အစား ရဟန်း ဦးရေဝတနဲ့ အရပ်သား တွေဆီက လာဘ်ငွေယူဘက်လိုက်ပြီး ဝိနည်းနဲ့မညီ မတရားလုပ်ဆောင်တဲ့ အတွက် ဦးပီယသိပ္ပံဘက်ကလိုက်ပါကူညီပေးနေတာလို့ ဦးအေးမြင့်ကပြော ပါတယ်။

အိမ်ခ သုံးဆတက် ဝန်ထမ်းများဒုက္ခရောက်

DVB ၊ နိုဝင်ဘာ ၃၀ ။ ။ မန္တလေးတိုင်း မိတ္ထီလာမြို့ တပ်မတော်ချည်မျှင်နဲ့ အထည်စက်ရုံဝန်ထမ်းအိမ်ရာမှာ နေထိုင်ခ သုံးဆတိုးကောက်လိုက်တဲ့အတွက် ဝန်ထမ်းမိသားစုတွေ ပိုမိုကျပ်တည်းကုန်တယ်လို့ စက်ရုံဝန်ထမ်းတွေကပြော ပါတယ်။

စက်ရုံက မြို့နယ်လျှပ်စစ်ဌာနကို ငွေမရှင်းနိုင်လို့ဆိုတဲ့အကြောင်းပြချက် နဲ့ လွန်ခဲ့တဲ့နှစ်လခန့်ကစပြီး ဝန်ထမ်းအဆင့်အလိုက် ပိုက်ဆံတိုးကောက်ခံနေ တာလို့ ဝန်ထမ်းတဦးကပြောပါတယ်။ ရေမီး၊ နေထိုင်စရိတ်တွေ သုံးဆတိုးမြှင့် လိုက်ပေမယ့် တလကို လျှပ်စစ်မီးလာတာ ၁၀ ရက်ထက်မပိုဘူးလို့ ဝါရင့်ဝန် ထမ်းတဦးရဲ့သမီးကပြောပါတယ်။

မီးကင်းစောင့်ခအတွက် တအိမ်ကို တလ ကျပ် ၅၀၀ ကောက်ခံနေတဲ့ အပြင် ရာသီပွဲတွေအတွက်လည်း အထွေထွေအလှူငွေကောက်ခံတာကြောင့် ရတဲ့လခနဲ့ အလျဉ်မမီဖြစ်နေကြပါတယ်။ မိတ္ထီလာမှာ ကြက်သား၊ ဝက်သား တပိဿာကို ကျပ် ၅,၀၀၀–၆,၀၀၀ ဖြစ်တာကြောင့် နေ့ခ၊ မိတာခ၊ မီးကင်း ကြေးနဲ့ ဆန်ဖိုးနုတ်လိုက်ရင် တလကို အသားတကြိမ်နှစ်ကြိမ်ထက်ပိုမစားနိုင် ဘဲ ငါးပိရည်တို့စရာသာစားနေရတယ်လို့ စက်ရုံဝန်ထမ်းကပြောပါတယ်။ စက် ရုံကစိမ်ဆန်ကို မဝယ်မနေရရောင်းတာကြောင့် မဝယ်ချင်ဘဲနဲ့ ဝယ်နေရတယ် လို့လည်း ဝန်ထမ်းတွေကပြောပါတယ်။

မိတ္ထီလာ ပြည်သူ့ချည်မျှင်နှင့်အထည်စက်ရုံကို ၁၉၈၈ နောက်ပိုင်းမှာ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံအဖြစ် စစ်အစိုးရကပြောင်းလဲလိုက်ပြီး စောင်၊ မျက်နှာသုတ်ပုဝါ၊ စစ်ဝတ်စစ်စားတွေထုတ်နေတာပါ။ ဝန်ထမ်းလိုင်းခန်း တွေမှာ အိမ်ခန်းပေါင်း ၁,၀၀၀ ကျော်ရှိပြီး ဝန်ထမ်းအများစုက အမျိုးသမီးတွေ ပါ။ စက်ရုံကတာဝန်ရှိသူတွေက ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ကန်ထရိုက်စာချုပ် ချုပ်ပြီး အပြင်လုပ်သားတွေကို လုပ်အားခအများကြီးပိုပေးပြီးခိုင်းနေတာကြောင့် နှစ် ၃၀ ကျော်ဝါရင့်ဝန်ထမ်းတွေ စိတ်မသက်မသာဖြစ်နေကြပါတယ်။ နှစ်ပေါင်း ၃၀ ဝါရင့်ဝန်ထမ်းတဦးရဲ့သမီးက “ကျမအမေက ပင်စင်ယူခါနီးပြီရှင့်၊ ဘာခံစား ခွင့်မှလည်းမရဘူး” လို့ ပြောပါတယ်။ “အမေက ၃၂,၀၀၀ ရတာပေ့ါ၊ ကျမက MSC တက်နေတာဆိုတော့ ကျောင်းလခက သုံးသောင်းမကဘူးရှင့်”။

မောင်စင်ကြယ်

"ယုဒသန်နှင့်မြန်မာရွှေပြည်"

(အင်းဝကြိုးတိုက်ထောင်နှင့် အောင်ပင်လယ်လက်မရှိ ထောင်တို့တွင်နေခဲ့ရသူ)

(နှစ်ခြင်းသာသနာဒုတိယခေတ်)

ဗန်းမော်စခန်းနှင့် ကချင်သာသနာအစ

"မစ္စတာကူရှင်သည် ရှမ်းပြည်တွင် နှစ်ခြင်းသာသနာမျက်နှာစာအသစ်ဖွင့်လှစ်ပြီးနောက် ကချင်လူမျိုးများအတွင်း နှစ်ခြင်းသာသနာမျက်နှာစာသစ်ဖွင့်လှစ်ရန်ပါ ကြိုးပမ်းခဲ့ပြန်လေသည်၊ အထူးသဖြင့် မစ္စတာကူရှင်သည် ၁၈၇၆ ခုနှစ် အမေရိကားမှပြန်ရောက်စဖြစ်သည်၊ ရှမ်းပြည်သွားစဉ်က နေပြည်တော်၌ခရီးသွားလာခွင့်တောင်းခံရသည့်နည်းတူ ရောဝတီဖြစ်ရိုးမှ ဗန်းမော်နယ်သို့ သွားရောက်ခွင့်ကိုလည်း တောင်းခံလိုက်ရပြန်သည်၊ ခရီးသွားလာခွင့်ရသည် နှင့် မစ္စတာကူရှင်သည် ၁၈၇၆ ခု ဒီဇင်ဘာလ ၂၂ ရက် ပြင်းထန်သောဆောင်းရာသီအတွင်း ဧရာဝတီမြစ်ရိုးမှတဆင့် ဗန်းမော်သို့ဆန်တက်လာခဲ့သည်"

"ဗန်းမော်နယ်သာသနာစခန်းတည်ဆောက်မှုတွင် အချက်အချာကျမှုနှစ်ရပ်ရှိသည်၊ တခုမှာ ကချင်နှင့်ရှမ်းများ ဆက်စပ်ရောပြွမ်းနေထိုင်မှုအရ တချိန်တည်းတွင် ယင်းလူမျိုးနှစ်မျိုးကို သာသနာပြုနိုင်သည်၊ ဒုတိယမှာ ဗန်းမော်ဒေသသည် တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံအတွက် အနီးဆုံးသောဝင်ပေါက်နှင့် ထွက်ပေါက်ဒေသဖြစ်သည်၊ သို့ဖြစ်၍ ယင်းဒေသကို အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့မှမဟုတ်၊ ဗရင်ဂျီနှင့် အင်္ဂလိကန်သာသနာပြုအဖွဲ့ကပါ မျက်စိကျခဲ့ကြသည်၊ ယင်းသို့ ဗန်းမော်တွင်သာသနာစခန်းဖွင့်ရန်ဆုံးဖြတ်လိုက်သည်နှင့် ပထမဆုံးလိုအပ်လာသည်မှာ ကချင်ဘာသာစကားတတ်ကျွမ်းရေးဖြစ်၏၊ ဤတွင် အကြောင်းအားလျော်စွာ ကူရှင်တို့အတွက်အကျိုးပြုလာသည်မှာ ဒေါက်တာမေဆင်သည် တောင်ငူစခန်း၌နောက်ဆုံးတာဝန်ထမ်းဆောင်နေစဉ် လွန်ခဲ့သည့် ၂ နှစ်ကျော်ကျော်လောက်တွင် ဗန်းမော်ဒေသဘက်သို့ခရီးထွက်ခဲ့၏၊ ဗန်းမော်ရောက်ခိုက်တွင် ဒေါက်တာမေဆင်သည် ပညာရှင်ပီပီ (ဘာသာဗေဒ) အရ၊ ကချင်စကားလုံးများကိုစုပေါင်း၍ စာအုပ်ငယ်လေးအဖြစ်ထုတ်ဝေပေးခဲ့ခြင်းဖြစ်လေသည်"

"မစ္စတာကူရှင်သည် ပုသိမ်အသင်းတော်မှ ကရင်သာသနာဆရာ 'ဆရာဘိုကလေး' နှင့်အတူ ကချင်အမျိုးသား 'ပေါမင်းလ' တို့၏အကူအညီဖြင့် ကချင်စကားကိုစတင်သင်ကြားသည်၊ ထိုအချိန်က 'ရိုမင်' အက္ခရာဖြင့် ကချင်စာကိုမတီထွင်နိုင်ကြသေး၍ မစ္စတာကူရှင်အဖို့ ကချင်အသံထွက်စကားလုံးတွေကို မြန်မာလိုရေးယူရ၏၊ ယင်းသို့ ဗန်းမော်သာသနာစခန်းတွင် မစ္စတာကူရှင်နှင့် ဆရာဘိုကလေးတို့ကတာဝန်ယူကြသည်၊ မစ္စက်ကူရှင်နှင့် ရှမ်းသာသနာပြုဆရာ 'ဆရာစာနား' တို့က မြို့လယ်ရှိဇရပ်မှနေ၍ တွေ့သမျှမြင်သမျှသော ရှမ်း၊ ကချင်၊ တရုတ်၊ မြန်မာများအားလက်ခံတွေ့ဆုံ၍ ခရစ်ယာန်ဒေသနာတော်အကြောင်းကိုဟောပြောကြ၏"

"ယင်းသို့ဖြင့် ဗန်းမော်စခန်းဖွင့်၍ နှစ်လအကြာတွင် ကူရှင်ဇနီးမောင်နှံအဖို့ တောင်ငူစခန်းနှင့်ဗန်းမော်စခန်းတို့၏လူအင်အားနှင့် လုပ်ငန်းပမာဏကိုကြည့်၍ တောင်ငူစခန်း၌ သာသနာပြုဆရာအသစ်ရောက်မလာသေးသဖြင့် မစ္စက်ကူရှင်မှာ တောင်ငူရှိရှမ်းအသင်းတော်အတွက်ပြန်သွားရပြီး မစ္စတာကူရှင်မှာ ကချင်အတွက် ဗန်းမော်စခန်းတွင်နေကျန်ရစ်ခဲ့၏"

"ဤသို့ရှိစဉ် ကချင်လူမျိုးများသည် သူတို့၏အမေရိကန်ဆရာများနှင့် ကရင်ဆရာများထံတွင်သင်ကြားနာယူနိုင်ရန်အလို့ငှါ သူတို့၏ကချင်တောင်ပေါ်ရွာများဆီသို့ဖိတ်ခေါ်ကြ၏၊ ထိုမှ သူတို့အတွက်ဆုတောင်းပေးနိုင်ရန်လည်း ဆရာများအား သူတို့နှင့်အတူတကွလာရောက်နေထိုင်ရေးကို တောင်းပန်ကြလေသည်၊ ထိုစဉ် 'စဖီး' အမည်ရှိ ပုသိမ်ကရင်အသင်းတော်မှ ကရင်ဆရာခေါင်းဆောင်လျက် ဆရာတစုတို့သည် ၁၈၇၇ ခုနှစ်တွင် ဗန်းမော်စခန်းသို့ ရောက်ရှိလာလေသည်၊ နောက်ပိုင်းတွင် ယင်းဆရာတစုနှင့် အောက်မြန်မာနိုင်ငံမှရောက်လာသော 'မောင်ဖောင်' တို့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကြံခိုင်သောခရစ်ယာန်လုပ်သားကောင်းများကို ဖွဲ့စည်းနိုင်ခဲ့၏"

"ဗန်းမော်စခန်းဖွင့်လှစ်၍ တနှစ်အကြာတွင် သာသနာပြုဆရာမိသားစုအသစ်နှစ်စု ဗန်းမော်စခန်းသို့ရောက်လာသည်၊ တစုမှာ 'ဖရိုင်းဒေး' ဇနီးမောင်နှံဖြစ်၍ တစုမှာ 'အေ–ဂျေလိုင်းယွန်း' ဇနီးမောင်နှံဖြစ်သည်၊ ဖရိုင်းဒေး၏တာဝန်မှာ မြန်မာနှင့်ရှမ်းအသင်းတော်အတွက်ဖြစ်ပြီး လိုင်းယွန်းမှာ မြန်မာနှင့် ကချင်အသင်းတော်အတွက်ဖြစ်သည်၊ ဤသို့ဖြင့် မစ္စတာကူရှင်သည် သူ၏တာဝန်အရပ်ရပ်ကို အသစ်ရောက်လာသောသာသနာပြုဆရာများအားလွှဲပြောင်းပေးလိုက်ပြီး သူမှု မိသားစုရှိရာတောင်ငူသို့ပြန်သွားလေသည်"

"မစ္စတာကူရှင်သည် တောင်ငူစခန်းတွင် ဘစ်ဇ်ဘီ၏ရှမ်း–ကရင်ကိုယ်စားလှယ်များနှင့်လက်တွဲ၍ ကရင်သာသနာပြုလုပ်ငန်းအပြင် ရှမ်းနှင့်ကချင်သာသနာပြုလုပ်ငန်းတို့ကိုပါအုတ်မြစ်ချပေးခဲ့သည်၊ ထိုမှ တရုတ်၊ လော၊ ထိုင်း စတုရန်းမိုင်အားဖြင့် ရာပေါင်းများစွာကျယ်ပြောလှသည့်နယ်စပ်ဒေသတလျှောက်တွင် ခရစ်ယာန်သာသနာမျိုးစေ့ကိုလည်းချပေးနိုင်ခဲ့သည်၊ 'မြန်မာ၊ အင်္ဂလိပ် ရှမ်းအဘိဓါန်' စာအုပ်ကိုလည်း ပညာရှင်ပီသစွာပြုစုပေးနိုင်ခဲ့သည်၊ ယင်းသို့ ဖြင့် ထင်ပေါ်လျှင်စင်တော်ကကောက်စကားဖြင့်အညီ ၁၈၉၂ ခုနှစ် တိုးချဲ့ဖွင့်လှစ် သည့် ခရစ်ယာန်ကောလိပ်တွင် ဦးစီးခေါင်းဆောင်မှုပြုရန် မစ္စတာကူရှင်သည် ခေါ်ယူချီးမြှင့်ခြင်းကိုခံရလေသည်"

(ဆက်လက်ဖော်ပြပါမည်)

စာမျက်နှာ ၃ မှ

"နိုင်ငံရေးအကျဉ်းသားတွေလွတ်မြောက်ရေးလို ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဆွေးနွေးရေးလို လက်ဆုပ်လက်ကိုင်ပြနိုင်ပြီး ခိုင်မာတဲ့ရလဒ်တွေရရှိရေးအတွက် အဓိကလုပ်ဆောင်ရမယ့်တာဝန်ဟာ မြန်မာစစ်အုပ်စုဆီမှာပဲရှိတယ်ဆိုတာကို အတွင်းရေးမှူးချုပ်က တသမတ်ထဲပြောခဲ့ပါတယ်။ အခြေခံအားဖြင့်ဆိုရင် ဘောလုံးဟာ မြန်မာစစ်အုပ်စုရဲ့ကစားကွင်းထဲမှာရှိနေပါတယ်။ သူတို့တာဝန်ရှိတဲ့အတိုင်း လုပ်ဆောင်ရမှာတွေကို မြန်မာစစ်အုပ်စုက အခုချက်ချင်းလုပ်လုပ်ဖို့လိုပါတယ်"

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ Mrs.Choi Soung-ah ပြောပြသွားတာဖြစ်ပါတယ်။

Mr.Ban Ki-Moon မြန်မာနိုင်ငံလာသည်ဖြစ်စေ မလာသည်ဖြစ်စေ နိုင်ငံရေးအကျဉ်းသားတွေလွတ်မြောက်ရေးအတွက် ကမ္ဘာ့ခေါင်းဆောင်ဟောင်းတွေ အခုလိုတောင်းဆိုကြတဲ့အပေါ်မှာတော့ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူတွေဘက်က ကြိုဆိုကြပါတယ်။ ဒါပေမဲ့လည်း မြန်မာစစ်ခေါင်းဆောင်တွေအဖို့မှာတော့ အမြဲတမ်းလို တောင်းဆိုသံတွေကြားကြားနေရတတ်တာမို့ အခုတောင်းဆိုသံတွေကလည်း သူတို့အတွက် သကြံန်အမြောက်လိုဖြစ်နေမလားပါဘဲ။ ခေါင်းဆောင်ဟောင်း ၁၁၂ ဦးတို့ကလည်း မြန်မာနိုင်ငံမှာ ဒီမိုကရေစီထူထောင်ရေးအတွက်ရော ရင်ဆိုင်နေရတဲ့ လူသားဘေးဒုက္ခဆိုင်ရာနဲ့ လူ့အခွင့်အရေးဆိုင်ရာ ဆိုးရွားတဲ့အခြေအနေတွေကိုဖြေရှင်းဘို့အတွက်ပါ သူ တို့ အလွန်အမင်းလိုလားတောင့်တနေတဲ့ ဖြစ်ထွန်းတိုးတက်မှု အောင်မြင်ရရှိ ဘို့ရာလိုအပ်တဲ့အရေးယူလုပ်ဆောင်မှုတွေအတွက် မြန်မာလူထုဟာ ကုလ သမဂ္ဂပေါ်မှာ မျှော်လင့်တကြီးနဲ့မှီခိုအားထားနေပါတယ်လို့ သူတို့ပေးပို့တဲ့စာ ထဲမှာ ဖော်ပြထားပါတယ်။

ကလေးစစ်သားအမှု အိုင်အဲလ်အိုကိုတိုင်ကြားသဖြင့် မိဘများအားအိမ်ဖျက်ခိုင်း

RFA ၊ ဒီဇင်ဘာ ၃ ။ ။ လှိုင်သာယာမြို့နယ်အတွင်း အသက်မပြည့်သေးတဲ့ သားနှစ်ဦးကို ဖြားယောင်းသွေးဆောင်ပြီး စစ်ထဲအသွင်းခံရတာကို မိဘတွေ က ILO အဖွဲ့ကိုတိုင်ကြားခဲ့တဲ့အတွက် ရယကပိုင်မြေကွက်မှာ အငှားနေထိုင်တဲ့အိမ်ကို ဖျက်ခိုင်းနေတယ်လို့ သိရပါတယ်။

အိမ်ဖျက်ပေးဘို့ဖိအားပေးခံရတဲ့ ဒေါ်သေးရဲ့နေအိမ်ဟာ အမှတ် ၁၉၉၃ ရွှေစပယ်လမ်း ၂၆ ရပ်ကွက် ရွှေလင်ပန်း လှိုင်သာယာမှာရှိတဲ့နေအိမ်ဖြစ်ပါ တယ်။ ရပ်ကွက်တွင်းနေထိုင်သူတဦးက အခုလိုပြောပြပါတယ်။

“ဒေါ်သေးတို့က ILO ရုံးကိုတိုင်တဲ့အခါ အခု အိမ်တွေဘာတွေ၊ သူတို့ကတော့ အမှန်မှာ နာဂစ်ကတည်းက တဲလေးပေါ့။ တာလပတ်မိုးထားတဲ့ တဲလေးပါ။ အတင်းဖျက်ခိုင်းနေတယ်၊ ဖိအားပေးပြီးတော့၊ သိပ်တော့မကြာသေးဘူး၊ နှစ်ပတ်လောက်ပဲရှိဦးမယ်၊ ILO ကိုတိုင်လို့တဲ့၊ ဒီကလေးစစ်သား သူ့သားသမီးတွေ သူကလည်း တငိုငိုတရီရီဖြစ်နေတယ်”

ဒေါ်သေးရဲ့သားကြီး မောင်သိန်းထွဋ် ၁၇ နှစ်ကို ၂၀၀၇ ခုနှစ်ဆန်းပိုင်းက မိုးလေဝသနဲ့ဇလဗေဒရုံးမှာတာဝန်ကျတဲ့တပ်ကြပ်တဦးကခေါ်ဆောင်သွား ပြီး တပ်ထဲသွင်းခဲ့တာပါ။ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးချိန်က အဲဒီတပ်ကြပ်ကပဲ ညီဖြစ်သူ မောင်ကျော်စွာ ၁၆ နှစ်ကို အကိုဖြစ်သူနဲ့တွေ့ပေးမယ်ဆိုပြီး ခေါ် သွားပြီး တပ်ထဲသွင်းခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒီကိစ္စကို ရပ်ကွက်အတွင်းနေထိုင်သူများအကူအညီနဲ့ ဒေါ်သေးက ILO ရုံးကို နိုဝင်ဘာလ ၁၁ ရက်နေ့ကတိုင်ကြားခဲ့ပါတယ်။ ILO ရုံးကိုတိုင်ကြားခဲ့တဲ့ အမှုတွဲအမှတ် ၁၂၃ ဖြစ်တယ်လို့ ILO ရုံးကိုလိုက်သွားသူ ရပ်ကွက်တွင်းနေထိုင်သူတွေကပြောပါတယ်။

“ILO ကို ကျနော်တို့ ၁၁ လ ပိုင်း ၁၀ ရက်နေ့က တရားဝင်အကြောင်းကြားထားတာပါ၊ ILO ကတော့ ဘာမှအကြောင်းမပြန်သေးဘူး၊ ကျနော်တို့ ILO ကိုသွားပြီးသတင်းပို့တဲ့နေ့က သွားတိုင်တဲ့နေ့ကပေါ့၊ မယကက သူတို့ကိုလာခေါ်သွားတယ်၊ သူ့အမေ ဒေါ်သေးကိုခေါ်သွားပြီး မယကဥက္ကဌက သူ တို့က ပထမတော့ နည်းနည်းခြိမ်းခြောက်တာပေါ့၊ ခြိမ်းခြောက်ပြီး သူတို့ မွေး စာရင်းတို့ သန်းခေါင်းစာရင်းတို့ အဲဒီအထောက်အထားတွေကို သူတို့ကိုပေး လို့ရှိရင် တပတ်အတွင်းခေါ်ပေးလို့ရတယ်လို့ မယကဥက္ကဌဦးခင်သိန်းမောင်က ပြောတယ်၊ အဲဒီမှာ ကျနော်တို့က မွေးစာရင်းတွေ သန်းခေါင်စာရင်းတွေ ILO မှာရောက်နေတယ်၊ အဲဒီကနေ ကျနော်တို့ပြန်ယူပြီး သူတို့ကိုပေးလိုက်တော့ ရယက ရာအိမ်မှူးသိန်းငွေနဲ့ အေးသောင်းက လာယူသွားတယ်၊ ယူသွားပြီး အခုထက်ထိ သန်းခေါင်စာရင်းတွေ မွေးစာရင်းတွေလည်း ပြန်မရသေးဘူး၊ ကလေးတွေအကြောင်းလည်း ဘာမှမသိရသေးဘူး”

ဒါကတော့ ILO ရုံးကိုတိုင်ကြားရာမှာ အကူအညီပေးသူ ရပ်ကွက်တွင်းနေထိုင်သူတဦး ပြောပြတာဖြစ်ပါတယ်။ ဒီတိုင်ကြားချက်နဲ့ပတ်သက်ပြီး ILO အနေနဲ့ ဘာအကြောင်းပြန်ကြားချက်မှမရှိသေးဘူးလို့လည်း သိရှိရပါတယ်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားများကျင်းပ

DVB ၊ ဒီဇင်ဘာ ၂ ။ ။ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး နေ့အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ ဒီနေ့ကျင်းပပါတယ်။ HIV ကူးစက်ခံနေရသူတွေ မြန်မာပြည်မှာ ဘယ်လိုအခက်အခဲတွေရင်ဆိုင်နေရတယ်ဆိုတာကို ကမ္ဘာကသိစေဘို့ မီးမောင်းထိုးပြတဲ့အနေနဲ့ ဒီအခမ်းအနားကိုကျင်းပတာလို့ HIV ကူးစက်ခံနေရသူတွေကိုကူညီနေတဲ့ အဖွဲ့ချုပ်ဝင် မဖြူဖြူသင်းကပြောပါတယ်။

အခုလက်ရှိအနေအထားမှာ ART ဆေးအခက်အခဲကြောင့် ရောဂါသည်တွေသေဆုံးနှုန်းပိုများပြားလာသလို HIV ကူးစက်ခံရသူတွေလည်း တနေ့တခြားပိုများလာတယ်လို့ မဖြူဖြူသင်းကပြောပါတယ်။ HIV-AIDS ရောဂါနဲ့ပတ်သက်ပြီး အသိပညာပေးမှုလည်း အများကြီးအားနည်းနေသေးတယ်လို့ မဖြူဖြူသင်းကပြောပါတယ်။ ဒီလို အသိပညာပေးမှုအပိုင်းအားနည်းနေတဲ့အတွက် HIV ကူးစက်ခံထားရသူတွေမှာ ပစ်ပယ်ခံထားရတဲ့အနေအထားတွေရင်ဆိုင် ရလို့ စိတ်ဓါတ်ကျတယ်လို့ ရောဂါပိုးကူးစက်ခံနေရသူတဦးကပြောပါတယ်။ မြန်မာပြည်မှာ ဒီရောဂါကိုကာကွယ်ကုသဘို့အတွက် ဝေဘာဂီဆေးရုံနဲ့ မင်္ဂလာဒုံအထူးကုဆေးရုံတို့သာရှိတဲ့အပြင် NGO အဖွဲ့အစည်းတွေကလည်း ရန်ကုန်မှာပဲကူညီနေတဲ့အတွက် နယ်တွေကိုဆင်းပြီး ပညာပေးဟောပြောမှု စတာတွေ လုပ်သင့်တယ်လို့လည်း HIV ကူးစက်ခံထားရသူတဦးကပြောပါတယ်။

HIV ကူးစက်ခံထားရသူတွေကို ကူညီပေးလာခဲ့တဲ့ ၆ နှစ်အတွင်းမှာ အဓိကရင်ဆိုင်ရတဲ့အခက်အခဲတွေနဲ့ အာဏာပိုင်တွေရဲ့ အမျိုးမျိုးဖိအားပေးနှောင့်ယှက်တားမြစ်မှုတွေရင်ဆိုင်ခဲ့ရတဲ့အကြောင်းကို ဒီနေ့အခမ်းအနားတက်ရောက်လာသူတွေကို ရှင်းလင်းပြောကြားကြပါတယ်။ ဒီနေ့အခမ်းအနားကို အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တွေအပါအဝင် HIV ကူးစက်ခံထားရသူ ၃၀၀ ခန့် တက်ရောက်ပါတယ်။ အဖွဲ့ချုပ်မှာဒီနေ့ကျင်းပတဲ့ ဒီအခမ်းအနားဟာ ဒုတိယအကြိမ်ဖြစ်ပြီး ၂၀၀၆ မှာ ပထမဆုံးအကြိမ်ကျင်းပဘူးပါတယ်။

ထိုင်းနိုင်ငံ မဲဆောက်မြို့ မယ်တော်ဆေးခန်းမှာလည်း ကမ္ဘာ့ AIDS နေ့အခမ်းအနားကို ဒီနေ့မနက်ကျင်းပပါတယ်။ “AIDS ပပျောက်ဘို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့”၊ “လိင်ဆက်ဆံရင် သတိယှဉ် ကွန်ဒွန်သုံးဘို့ပြင်” စတဲ့ လက်ကိုင်ပိုစတာတွေကိုင်ဆောင်ထားပြီး ဖဲကြိုးနီတွေရင်ဘတ်မှာထိုးထားကြတဲ့ ထိုင်းနဲ့မြန်မာလူမျိုး စုစုပေါင်း ၅၀၀ နီးပါးဟာ မဲဆောက်ဆေးရုံကြီးကနေ အခမ်းအနားပြုလုပ်မယ့်မယ်တော်ဆေးခန်းဆီကို လမ်းလျှောက်ချီတက်ကြပါတယ်။

ဒီလမ်းလျှောက်ချီတက်ပွဲကို ကျန်းမာရေးနဲ့ လူမှုရေးစောင့်ရှောက်မှုအဖွဲ့အစည်းတွေဖြစ်တဲ့ ဝေါ်ဗွီးရှင်း၊ မက်ဖောင်ဒေးရှင်း၊ မယ်တော်ဆေးခန်း၊ မဲဆောက်ဆေးရုံကြီး၊ မြန်မာပြည်သူများအရေး ပူးတွဲလုပ်ရှားမှုကော်မတီ JACBA၊ အမျိုးသမီးများအတွက်ကူညီစောင့်ရှောက်ရေးအဖွဲ့ SAW တို့က ပူးပေါင်းစီစဉ်ကြတာပါ။ “ဆင်းရဲနွမ်းပါးမှု၊ ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှု စတဲ့ ပြဿနာတွေရှိနေသမျှ AIDS ရောဂါကို ကာကွယ်တားဆီးနိုင်မှာမဟုတ်တဲ့အတွက် တဦးချင်းစီကရော ပတ်ဝန်းကျင်အလိုက်ပါ HIV-AIDS ပပျောက်ဘို့အတွက် ဝိုင်းဝန်းကူညီပံ့ပိုးကြဘို့လိုအပ်တယ်” လို့ မယ်တော်ဆေးခန်းမှ ဒေါက်တာစင်သီယာမောင်က အခမ်းအနားမှာ တိုက်တွန်းပြောကြားပါတယ်။

စာမျက်နှာ ၁၄ မှ

အတွက်ကိုပင်လျှင် အနိုင်နိုင်ဖြစ်နေတာ”

“ဒါကြောင့်မို့လို့ နိုင်ငံရပ်ခြားထွက်ပြီးအလုပ်လုပ်ကြရတာ၊ ဆိုတော့ အလုပ်မရှိလို့ရှိရင် ပြန်လာကြပါ၊ အလုပ်ပေးပါ့မယ်ဆိုတာကတော့ ဒီအပေါ်မှာ ကျနော်ကတော့ လုံးဝအယုံအကြည်မရှိဘူး”။

ပြည်ပကနေ အလုပ်အကိုင်အခွင့်အလမ်းအခက်အခဲကြောင့် မိမိတို့နေရပ်ကို မြန်မာအလုပ်သမားတွေပြန်လာပါက နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနတို့က လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဘို့ အဆင်သင့်ရှိနေကြောင်း ဗိုလ်ချုပ်သိန်းစိန်ကပြောကြားခဲ့တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံ AIDS ရောဂါတိုက်ဖျက်ရေးရံပုံငွေ အရေးပေါ်လိုအပ်

VOA ၊ ဒီဇင်ဘာ ၁ ။ ။ မြန်မာနိုင်ငံမှာ HIV၊ AIDS ဝေဒနာသည်တွေအတွက် ဆေးဝါးအလုံအလောက်မရှိတာကြောင့် မြန်မာနိုင်ငံတွင်း HIV၊ AIDS ပြန့်ပွါးမှုကို ထိန်းချုပ်လို့ မရသေးဘူးလို့ မြန်မာနိုင်ငံမှာ HIV၊ AIDS တိုက်ဖျက်ရေးလုပ်ငန်းတွေလုပ်နေကြတဲ့ အစိုးရမဟုတ်တဲ့နိုင်ငံတကာအဖွဲ့အစည်းတွေက ပြောပါတယ်။

လိုအပ်ချက်ဘာရှိသလဲလို့ မေးရင်တော့ မြန်မာနိုင်ငံထဲမှာ ဒီရောဂါတိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေကြသူတွေအားလုံးနီးပါးပြောတာကတော့ HIV၊ AIDS တိုက်ဖျက်ရေးလုပ်ငန်းတွေအတွက် ရံပုံငွေမလုံလောက်တာပါဘဲ။ ဒါကြောင့်လည်း ART ဆေးပြားတွေ အရေးပေါ်မရရင် လူနာပေါင်း ၂၀,၀၀၀ ကျော်ဟာ ဒီတနှစ်အတွင်းသေဆုံးနိုင်တယ်လို့ MSF နယ်စည်းမခြားဆရာဝန်များအဖွဲ့က သတိပေးခဲ့ပါတယ်။ MSF အဖွဲ့ဟာ မြန်မာနိုင်ငံမှာ ART ဆေးပြားအဓိကဖြန့်ဝေပေးနေတဲ့အဖွဲ့ပါ။ အခုတော့ အခြားအဖွဲ့တွေကိုကူညီဖို့ မပြော နဲ့၊ သူတို့အဖွဲ့ သူတို့ဆေးခန်းတွေမှာကို လူနာတွေကုသပေးနိုင်တဲ့အကန့် အသတ်ကုန်နေပြီလို့ MSF ပြောခွင့်ရသူကဆိုပါတယ်။ မြန်မာနိုင်ငံ ရန်ကုန် မြို့က MSF ရုံးအကြီးအကဲဖြစ်သူ မစ္စတာ Alexandre Baillat ကတော့ ART ဆေးပြားတွေ အရေးပေါ်ရရှိရေးဟာ အခုလတ်တလော အရေးတကြီးလိုအပ်ချက်ဖြစ်နေတယ်လို့ VOA ကိုပြောပါတယ်။

"ကျနော်တို့ အခုကုသပေးနေတာ လူနာပေါင်း ၁၀,၀၀၀ ရှိပါတယ်၊ ဒါက ကျနော်တို့လုပ်ပေးနိုင်တဲ့အတိုင်းအတာအကုန်ရောက်နေပါပြီ၊ လူနာပေါင်း ဖ၅,၀၀၀ ကျော်ဟာ HIV၊ AIDS အသက်ကယ်ဆေးလို့ပြောရမယ့် ART ဆေးပြားရရှိဖို့ အရေးပေါ်လိုအပ်နေပါတယ်၊ ဒါဟာ ကျနော်တို့ အတော်လေးကိုစိုးရိမ်နေရတဲ့အချက်ပါ၊ ဒီအတွက် မြန်မာနိုင်ငံမှာ HIV၊ AIDS တိုက်ဖျက်ရေးလုပ်ငန်းတွေအတွက် အလှူငွေတွေ အတော်များများလိုအပ်နေပါတယ်"

လက်ရှိအားဖြင့်တော့ မြန်မာနိုင်ငံတွင်း AIDS ရောဂါတိုက်ဖျက်ရေးအတွက် 3D Fund ဆိုတဲ့ ရံပုံငွေအဖွဲ့ရှိပြီး အီးယူဥရောပသမဂ္ဂနိုင်ငံတွေက အများဆုံးကူညီထောက်ပံ့ပေးနေပါတယ်။ ဒါပေမဲ့ 3D Fund အဖွဲ့မှာကို ရံပုံငွေအားနည်းနေတာကြောင့် ကမ္ဘာ့အဝှမ်း AIDS ရောဂါတိုက်ဖျက်ရေးအတွက် အများဆုံးအကူအညီပေးနေတဲ့ Global Fund ရံပုံငွေရရှိဖို့ မြန်မာနိုင်ငံအတွင်း AIDS တိုက်ဖျက်ရေးလုပ်ငန်းလုပ်ဆောင်သူအများစုကလိုလားကြတယ်လို့ Alexandre Baillat ကပြောပါတယ်။

"Global Fund ပြန်လာလုပ်ဖို့ ကျနော်တို့မျှော်လင့်ထားပါတယ်၊ မြန်မာနိုင်ငံအနေနဲ့ Global Fund ကိုပြန်ပြီးအဆိုပြုထားတာရှိပါတယ်၊ ဒါကို ပြန်လက်ခံမယ်လို့ ကျနော်တို့မျှော်လင့်နေပါတယ်၊ ဒါမှ ကျနော်တို့ MSF ရော အခြားအဖွဲ့တွေကပါလုပ်နေတဲ့လုပ်ငန်းတွေအတွက် အထောက်အပံ့အလှူငွေတွေရရှိမှာပါ၊ ဒါကြောင့် ကျနော်တို့ ဒီမှာတော့ Global Fund ပြန်ဝင်မယ့်ကိစ္စကို အတော်လေးမျှော်လင့်ချက်ထားပါတယ်"

Global Fund အဖွဲ့အနေနဲ့က မြန်မာနိုင်ငံတွင်းက သူတို့ကူညီရေးလုပ်သားတွေ နိုင်ငံတွင်းလွတ်လွတ်လပ်လပ်သွားလာခွင့်မရတာကြောင့်ဆိုပြီး ၂၀၀၅ ခုနှစ်က သူတို့လုပ်ငန်းတွေ မြန်မာနိုင်ငံကပြန်ရုပ်ခဲ့ပါတယ်။ အခုတော့ Global Fund ရဲ့အထောက်အပံ့တွေပြန်ရဖို့ မြန်မာအစိုးရ ကျန်းမာရေးတာဝန်ရှိသူတွေရော နိုင်ငံတကာ NGO တွေပါ ပိုင်းညှိနှိုင်းနေတယ်လို့ဆိုပါတယ်။

မြန်မာနိုင်ငံတွင်း AIDS ရောဂါပျံ့နှံ့မှု စိုးရိမ်စရာအခြေရှိတယ်ဆိုတာကို မြန်မာအစိုးရက မူလကငြင်းပယ်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ဒီအခြေအနေကိုအသိအမှတ်ပြုလက်ခံလာပြီး ကျန်းမာရေးဝန်ကြီးဌာန AIDS ရောဂါတိုက်ဖျက်ရေး အမျိုးသားအစီအစဉ်တရပ်အနေနဲ့ပါ တိုက်ဖျက်ရေးလုပ်ငန်းတွေကို တက်တက်ကြွကြွလုပ်လာပါတယ်။ ဒါပေမဲ့လည်း အစိုးရရဲ့ဒီအစီအစဉ်မှာ ကိုလုပ်နိုင်တဲ့အကန့်အသတ်တွေကြုံနေရတယ်လို့ Mr.Baillat ကပြောပါတယ်။

"ကျန်းမာရေးဝန်ကြီးဌာနရဲ့ AIDS ရောဂါတိုက်ဖျက်ရေးအမျိုးသားအစီအစဉ်ဌာနနဲ့ ကျနော်တို့ ပုံမှန်လိုလိုပူးတွဲဆောင်ရွက်နေတာရှိပါတယ်၊ ဒါပေမဲ့လည်း သူကိုယ်တိုင်မှာကို ရံပုံငွေအရရော၊ လုပ်နိုင်ကိုင်နိုင်တာအရပါ အကန့်အသတ်ရှိပါတယ်၊ သူ့အစီအစဉ်ကိုတောင် သူ မတိုးချဲ့နိုင်ပါဘူး"

မြန်မာနိုင်ငံ ရန်ကုန်မြို့ MSF နယ်စည်းမခြားဆရာဝန်များအဖွဲ့ရုံးက ပြောခွင့်ရသူ Alexandre Baillat ပြောပြသွားတာဖြစ်ပါတယ်။

မြန်မာအစိုးရရဲ့ မကြာမီကထုတ်ပြန်တဲ့အစီရင်ခံစာတခုမှာတော့ ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်မှာ HIV ကူးစက်ခံရတဲ့လူနာအရေအတွက် လျော့ကျလာတယ်လို့ဖော်ပြပါတယ်။ ဒါကိုတော့ မြန်မာနိုင်ငံက NGO ဝန်ထမ်းတွေကတော့ အတည်ပြုဖို့ခက်တယ်လို့ဆိုပါတယ်။ ဒ့ါအပြင် လက်ရှိဝေဒနာသည်တွေကိုပဲ ဆေးအလုံအလောက်မပေးနိုင်တာ၊ ကုသမှုမပေးနိုင်တာတွေကြောင့် မြန်မာနိုင်ငံမှာ HIV၊ AIDS ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ခြင်းမရှိသေးဘူးလို့ မှတ်ချက်ပေးခဲ့ကြပါတယ်။

လက်ကိုင်တယ်လီဖုန်းတွေစရောင်း

RFA ၊ ဒီဇင်ဘာ ၃ ။ ။ နအဖစစ်အုပ်စုရဲ့ ဆက်သွယ်ရေးစာတိုက်နဲ့ ကြေးနန်းဝန်ကြီးဌာနက ဒီဇင်ဘာ ၁၂ ရက်နေ့ကစပြီး နိုင်ငံခြားငွေလက်မှတ် FEC ဒေါ်လာ ၅၀ တန်လက်ကိုင်တယ်လီဖုန်းကတ်တွေ စရောင်းတော့မယ်လို့ သိရပါတယ်။

ဒီဈေးနှုန်းဟာ လက်ရှိပေါက်ဈေးနှုန်းထက် အဆ ၂၅ ဆသက်သာတဲ့ဈေးနှုန်းဖြစ်တယ်လို့ ပြည်တွင်းထုတ် 7 Day သတင်းဂျာနယ်ကိုကိုးကားပြီး AFP သတင်းမှာဖော်ပြထားပါတယ်။ ဒေါ်လာ ၅၀ နဲ့ ဖုန်းကတ်တွေကိုရောင်းမှာဖြစ်ပေမယ့် ခေါ်ဆိုခ ဈေးကြီးမယ်လို့သိရပါတယ်။ ရန်ကုန်က တယ်လီဖုန်းအသုံးပြုနေတဲ့လုပ်ငန်းရှင်တဦးက ကြိုတင်ငွေပေး Prepaid ဖုန်းရောင်းမယ့်ကိစ္စနဲ့ပတ်သက်ပြီး အခုလိုပြောပါတယ်။

"Prepaid card ပေ့ါ၊ SIM card, GSM ISM card ကို ဒေါ်လာ ၅၀ နဲ့ prepaid ဥစ္စာကိုထုတ်ဖို့ရှိတယ်၊ 54 နဲ့စမယ်လို့တော့ကြားတယ်၊ အခုဆို GSM ဖုန်း 51,51,52 အဲလိုမျိုးတွေရှိတာ၊ သူက 54 နဲ့စတဲ့ကတ်တွေရောင်းမယ်၊ ဒေါ်လာ ၅၀ နဲ့၊ သူကတော့ incoming ရော outgonig ပါ ထုံးစံအတိုင်းပေးရတာပေ့ါ၊ အင်တာနေရှင်နယ်ထုံးစံအတိုင်း ISM card ဆိုရင် prepaid card ဆိုရင်တော့ ပေးရသလိုမျိုး၊ အဲဒီလိုမျိုးရှိတယ်"

ဒေါ်လာ ၅၀ နဲ့ဖုန်းကတ်တွေကိုရောင်းပေမယ့် မြန်မာနိုင်ငံမှာ နိုင်ငံခြားငွေ တရားဝင်ကိုင်ဆောင်ခွင့်ပေးမထားပါဘူး။ ဒီလက်ကိုင်ဖုန်းအသစ်ရောင်းမယ့်အစီအစဉ်ကို မန္တလေးမှာကျင်းပမယ့် ၅ ရက်ကြာ အိုင်တီစီပြပွဲမှာစတင်မယ်လို့သိရပြီး ဖုန်းအသစ်မှာ ၁၀ ဒေါ်လာဖိုးဖုန်းခေါ်နိုင်ဖို့ ကြိုထည့်ပေးထားမယ်လို့သိရပါတယ်။ ရိုးရိုးလက်ကိုင်ဖုန်းမှာ ခေါ်ဆိုခ တမိနစ်ကို ၃၅ ကျပ်ရှိနေရာက ဖုန်းအသစ်မှာ တမိနစ်ကို ၃၀၀ ကျော်အထိကျမယ်လို့လည်း ဂျာနယ်သတင်းမှာ ရေးသားဖော်ပြထားပါတယ်။

ကျောဖုံးမှ

ခေါက်ချိုးမကတက်သွားပြီလို့လည်းပြောပါတယ်။

"ဟိုတုန်းကတသိန်းဆိုရင် အခု သုံးသိန်းလောက်ပြောတယ်၊ တချို့ဆိုင်တွေဆို အရင်ပေါက်ဈေးက သိန်း ၂၀၀ တောင် ဝယ်မယ့်သူမရှိဘူး၊ အခု သိန်းလေးငါးရာနဲ့ ဝယ်လို့မရတော့ဘူး၊ သိန်း ၁၂၀၀ ခေါ်တဲ့ဆိုင်တောင်ရှိတယ်"

ယာယီဈေးဆောက်ပေးမယ်လို့ အာဏာပိုင်တွေကပြောပေမယ့် ဘယ်တော့ဖြစ်မယ်ဆိုတာတော့ မသိရသေးဘူးလို့ဆိုပါတယ်။



ဒုတိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 414, Nov 27, 2008
use generations
ဥပဟာန်းရှင်ရော...
ပြည်သူတွေရဲ့
ထောက်ခံမှု...
မျိုးဆက်သစ်တွေရဲ့
ကြီးထွားမှု...
ကြောင့်---
တိုင်းပြည်ကြီး---
ကမ္ဘာနဲ့ ရင်ဘောင်
တန်းနိုင်ပါတော့
မယ်..ဟီးဟီး...

မော်လမြိုင် အမှတ် ၁ ဈေးကြီးတခုလုံး မီးလောင်ကျွမ်း

ဈေးသူဈေးသားအများက မီးလောင်မှုကို သံသယဖြစ်နေကြ

RFA ၊ ဒီဇင်ဘာ ၂ ။ ။ ဒီဇင်ဘာ ၁ ရက်နေ့ ယမန့်နေ့ညနေပိုင်းမှာ ဆိုင်ခန်းပေါင်းထောင်ချီရှိတဲ့ မော်လမြိုင်အောက်ဈေးလို့လူသိများတဲ့ အမှတ် ၁ ဈေးကြီး တခုလုံး မီးလောင်ကျွမ်းခဲ့တယ်လို့ RFA က စုံစမ်းသိရှိရပါတယ်။

မွန်ပြည်နယ် မော်လမြိုင်မြို့က အမှတ် ၁ ဈေးကြီးအတွင်းက ရေပေါ်ဈေး စားသောက်ဆိုင်တန်းတွေကနေတဆင့် မီးစတင်လောက်ကျွမ်းခဲ့တာဖြစ်တယ် လို့ မော်လမြိုင်ဈေးကြီးထဲကဈေးသည်တွေကပြောပါတယ်။ အဲဒီဈေးကြီးထဲက ဆိုင်ခန်းတွေအားလုံး မီးထဲပါသလို ပစ္စည်းတွေလည်းမီးလောင်ဆုံးရှုံးခံရတာ များတယ်လို့ အဲဒီဈေးကြီးအတွင်းမီးလောင်ခံရတဲ့ အထည်ဆိုင်ပိုင်ရှင်အမျိုးသမီးကပြောပြပါတယ်။

ဆိုင်ခန်းတွေထဲမှာ ကိုယ်ရောင်းချတဲ့ပစ္စည်းအမျိုးအစားအလိုက် ကုန်ပစ္စည်းတွေကိုသိုလှောင်ပြီးရောင်းချတဲစနစ်မို့ ဆုံးရှုံးမှုတန်ဖိုးကိုမသိနိုင်ဘူးလို့ အဆိုပါအမျိုးသမီးကပဲပြောပါတယ်။ မီးလောင်စဉ်အချိန်မှာ သံဃာတော်တွေ ရောက်လာပြီး ဆိုင်ခန်းတွေထဲက မီးမလောင်သေးတဲ့ပစ္စည်းတွေကို မီးလွတ်ရာသယ်ယူပေးခဲ့ကြောင်းနဲ့ စစ်အစိုးရရဲ့ တာဝန်ရှိမီးသတ်ဌာနက မီးငြိမ်းသတ်နိုင်မှုမရှိတဲ့အခြေအနေကို အထည်ဆိုင်ပိုင်ရှင်အမျိုးသမီးကပဲ ဆက်ပြောပါတယ်။

အခုလို မော်လမြိုင်မြို့ကဈေးကြီး မီးလောင်သွားခဲ့တာနဲ့ပတ်သက်လို့ အသေးစိတ်သိရှိနိုင်ဘို့ RFA က မော်လမြိုင်မြို့မီးသတ်ဌာနကို တယ်လီဖုန်းနဲ့ ဆက်သွယ်မေးမြန်းဘို့ကြိုးစားခဲ့ပေမယ့် ဆက်သွယ်လို့မရရှိခဲ့ပါဘူး။ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးကိုဆက်သွယ်မေးမြန်းတဲ့အခါမှာ မီးလောင်မှုနဲ့ပတ်သက်တာတွေမြေဆိုဘို့ ငြင်းဆိုခဲ့ပါတယ်။

မော်လမြိုင်မြို့က အောက်ဈေးလို့လူသိများတဲ့ အမှတ် ၁ ဈေးကြီးဟာ ထိုင်းနိုင်ငံကတင်ပို့တဲ့ အချိုရည်၊ အထည်အလိပ်၊ စားသောက်ကုန်တွေသိုလှောင်ဖြန့်ဖြူးရောင်းချတဲ့ဈေးကြီးဖြစ်သလို ဆိုင်ခန်းတခန်းရဲ့ကာလပေါက်ဈေးဟာ ကျပ် သိန်း ၂၅၀ မှ သိန်း ၄၀၀ ထိရှိတယ်လို့ သိရပါတယ်။

DVB ၊ ဒီဇင်ဘာ ၂ ။ ။ မွန်ပြည်နယ် မော်လမြိုင်မြို့အောက်ဈေးလို့လူသိများတဲ့ဈေးကြီးတခုလုံးမနေ့ညက မီးလောင်လို့ ဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်မီးလောင်ပျက်စီးပြီး ကျပ်သိန်းပေါင်းများစွာဆုံးရှုံးတယ်လို့ မြို့ခံတွေကပြောပါတယ်။

စားကုန်ဆိုင်တန်းဆီပုံးကနေ မီးစလောင်တယ်လို့ကြားသိရပြီး အချိန်မီမငြိမ်းသတ်နိုင်တာကြောင့် တဈေးလုံး မကုန်သင့်ဘဲကုန်သွားရတာလို့ မီးထဲဆိုင်ခန်းပါသွားတဲ့ ဈေးသည်တဦးကပြောပါတယ်။

“စလောင်တာက နည်းနည်းပဲ၊ လူတွေပေးဝင်ပြီးသတ်လိုက်ရင် သေသွားနိုင်ပေမယ့် ဈေးစောင့်တွေကပေးမဝင်ဘဲ သူတို့ကြိတ်သတ်တယ်၊ နောက် မနိုင်ဘူးဆိုတော့ မီးက လုံးဝကိုအတောသတ်လို့မရတော့ဘူး၊ အဲဒီအခါကျမှ သူတို့က လူတွေကိုပေးဝင်တော့၊ မီးသတ်ကားကလည်း လာတာက ရေလည်း မပါဘူး၊ မီးလောင်ပြီး ၄၅ မိနစ်ကြာမှလာတာ”

မီးလောင်နေစဉ် ပစ္စည်းလုယက်မှုတွေဖြစ်ပွါးခဲ့ပြီး ရဟန်းသံဃာတော်တွေကူညီတာကြောင့် ပစ္စည်းတချို့ပြန်ရတာလို့ အဲဒီအမျိုးသမီးကပြောပါတယ်။

ဒီဈေးကို မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဖျက်ပြီး အသစ်ဆောက်ဘို့စီစဉ်ဘူးပေမယ့် ဈေးမိဈေးဖတွေကတောင်းဆိုတာကြောင့် ဈေးသစ်စီမံကိန်း မစတင်နိုင်ဘဲရှိနေတာပါ။

ဒီလိုအချိန် ဒီမီးလောင်ပုံကြောင့်လည်း လုပ်ကြံရှို့မီးဖြစ်နိုင်တယ်လို့ ဈေးသူဈေးသားတွေကယူဆပြောဆိုနေကြောင်း ဆိုင်ရှင်အမျိုးသမီးကပြောပါတယ်။

“ခဏခဏ ဒီဈေးကိုဖျက်စောင်းထိုးနေကြတယ်၊ ဈေးကလည်း ဟောင်းနေပြီဆိုတော့ ဖျက်ချင်တာတော့ကြာပြီ၊ မီးလောင်တဲ့အချိန်မှာကြည့်တုန်းက မီးက တခါတည်း ဓါတ်ဆီဖြန်းထားသလို ရှုတ်ခနဲဆိုလောင်သွားတာ၊ မီးသတ်ကားကလည်း ချက်ချင်းရောက်မလာဘူး”

မီးလောင်ပြီးစ ဒီအချိန်မှာ မော်လမြိုင်မြို့အထက်ဈေးမှာ ဆိုင်ခန်းခဈေး

စာမျက်နှာ ၁၈ သို့

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

To

PRINTED MATTER

2008